# jrefrmjynfolwfw‹xf ay;aompm

နေ့စွဲ မေ (၁၀)ရက်၊ ၂၀၀၆ ခုနှစ်။

မြန်မာပြည်သူပြည်သားအပေါင်းတို့ခင်ဗျား –

ကျွန်တော်သည် ရန်ကုန်မြို့တော်ခန်းမရှေ့မှာ တကိုယ်တော်ဆန္ဒပြခဲ့မှုဖြင့် အင်းစိန်အကျဉ်းထောင်တွင် တစ်နှစ်ခွဲ ထောင်ကျခဲ့ဖူးသူ အသက်(၇၈)နှစ်ရှိ ချင်းအမျိုးသား အငြိမ်းစားပါမောက္ခ ဒေါက်တာဆလိုင်းထွန်းသန်းဖြစ်ပါတယ်။ လက်ရှိ မြန်မာပြည်ရဲ့ အခြေအနေသုံးသပ်ရလျှင်၊

၁။မြန်မာပြည်သူများ လူ့အခွင့်အရေးမှန်သမျှ ဆုံးရှုံးနေကြရပြီး လူသားရဲ့ အနိမ့်ဆုံးအခြေအနေမှာ လက်ရှိ အသက်ရှင်နေကြရတယ်။

၂။လူနည်းစုအမျိုးသမီးများကို စစ်ဘီလူးများက စနစ်တကျ မုဒိမ်းကျင့်မှုအပြင် လူနည်းစုများအပေါ် မတရား အနိုင်ကျင့်မှုတို့ကြောင့် မဟာဗမာလူမျိုးကြီးဝါဒ ကျင့်သုံးနေသည်ဟု အထင်အမြင် လွဲစေပါတယ်။

၃။ ဗုဒ္ဓဘာသာ မဟုတ်သူများအပေါ် အမျိုးမျိုး အနိုင်ကျင့်မှုကြောင့် ဗုဒ္ဓဘာသာအပေါ် အမြင်စောင်းစေပါတယ်။

၄။ ဝင်ငွေနှင့် ကုန်ဈေးနှုန်း မမျှတမှုကြောင့် ဝန်ထမ်းအားလုံး အကျင့်ပျက်နေပါတယ်။

၅။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်းတွင် ကမ္ဘာ့နိုင်ငံများစာရင်း၌ အောက်ဆုံးမှာ ရှိနေပါတယ်။

၆။ တရားလွန် သစ်ဝါးကို ထုတ်လုပ်မှုကြောင့် တောတောင်ပြုန်းတီးသဖြင့် ဝန်းကျင်ပျက်စီးနေပါတယ်။

၇။ တောနှင့် မြို့ပါမကျန် မြေကြီးနဲ့ အဆောက်အဦများကို တိုင်းတပါးထံသို့ လက်ညှိုးထိုးရောင်းချနေပါသဖြင့် မကြာမီ ကမ္ဘာ့မြေပုံမှ မြန်မာပြည် ပျောက်ရတော့မည့်အခြေ ဆိုက်နေပါပြီ။

ဒါတွေကို စစ်အစိုးရကပဲ လုပ်နေပါတယ်။

ဒါတွေကို မခံရပ်နိုင်လို့ အဘ တကိုယ်တော်ဆန္ဒပြခဲ့တယ်။ ထောင်နန်းစံခဲ့ရတယ်။ အမေရိကန်ပြည်မှာ ခေတ္တ ရောက်နေစဉ် ဖော်ပြပါကိစ္စများ ရပ်တန့်၍ ဒီမိုကရေစီအစိုးရ ပေါ်ထွန်းနိုင်ရန် နအဖအား နိုင်ငံတော်အာဏာကို ပြည်သူ လူထုထံ ပြန်အပ်ဖို့ တိုက်တွန်းခဲ့ပြီးပြီ။ ဒီတိုက်တွန်းချက် မလိုက်နာပါက အိမ်ထဲမှ အိမ်ပြင် ထွက်စရာမလိုတဲ့ အထွေထွေ အာဏာဖီဆန်ပွဲကြီးကို ပြည်သူတရပ်လုံးက လက်တွဲညီညီ ဆောင်ရွက်နိုင်ရန် အချက် (၅)ချက်ကို အဘ ပူးတွဲပါအစီအစဉ် အတိုင်း တင်ပြထားပါတယ်။ ပြည်သူတို့ရဲ့ တောင်းဆိုချက် မလိုက်နာလျှင် နောက်ဆုံး အဘကိုယ်တိုင် ထောင်ဝတ်စုံ ဝတ်ဖြူတော် ဝတ်ဆင်ကာ မြန်မာပြည်ပြန်လာပြီး သေသည်အထိ ဆန္ဒပြပွဲမယ်။ အဘကို သတ်လျှင် သူတို့ကို အဘ ဘဝ ဆက်တိုင်း ခွင့်လွှတ်တယ်။ ကောင်းချီးပေးမယ်။ သူတို့အပေါ် အဘ အာဃာတမထားဘူး။ မြန်မာပြည် ဒီမိုကရေစီ ရချင် တာ တခုပဲ။

မိမိကိုယ်ကို လွတ်မြောက်အောင် တိုင်းတပါးကို အားကိုးမနေဘဲ အိမ်ထဲမှ အိမ်ပြင်မထွက်ရတဲ့ အကြမ်းမဖက် သော ငြိမ်းချမ်းတဲ့နည်းနဲ့ အထွေထွေအာဏာဖီဆန်ပွဲကြီးကို ပြည်သူတရပ်လုံး ညီညွတ်စွာ ပါဝင်ဆောင်ရွက်ကြပါလို့ မိမိ အသက်ကို ရင်းပြီး အဘတိုက်တွန်းအပ်ပါတယ်။

အဘ သေဆုံးပြီး ကျန်ရစ်မည့် မြန်မာပြည်သည် ကမ္ဘာ့ပွဲလည်တင့်စေသတည်း။
အရေးတော်ပုံ အောင်ရမည်။ စစ်ဝါဒီ ကျဆုံးရမည်။

လေးစားစွာဖြင့်

အဘ ဒေါက်တာဆလိုင်းထွန်းသန်း (အငြိမ်းစားပါမောက္ခ)
ခေတ္တအမေရိကန်ပြည်

# ရဲအဖွဲ့နှင့် ကြည်းရေလေ လက်နက်ကိုင်အဖွဲ့အစည်းများထံ ဝန်ကြားချက်

နေ့စွဲ မေ (၁၀)ရက်၊ ၂၀၀၆ ခုနှစ်။

မြန်မာပြည်ရှိ လက်နက်ကိုင်အဖွဲ့အစည်းများမှ ရဲဘော်များခင်ဗျား

အဘဟာ မိမိယုံကြည်ချက်ကြောင့် အင်းစိန်ထောင်၌ တနှစ်ခွဲခန့် အကျဉ်းချထားခြင်းခံခဲ့ရသော အသက်(၇၈)နှစ်ရှိ အငြိမ်းစားပါမောက္ခ ဒေါက်တာဆလိုင်းထွန်းသန်းဖြစ်ပါတယ်။ အဘသည် ၁၉၄၃ ခုနှစ်ကတည်းက ဗမာ့လွတ်လပ်ရေးတပ်မတော်မှာ အရန်တပ်သား၊ လက်ရွေးစင်တပ်သား၊ ကျောင်းသားရဲခေါင်နှင့် ချင်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (CDO)တွင် ခရိုင်စစ်ခေါင်းဆောင်အဖြစ် လုပ်ကိုင်ဖူး၍ ၁၉၆၉ နှစ်မှ ၁၉၇၄ ခုနှစ်တိုင် မန္တလေးရှိ တက္ကသိုလ်များ၏ တက္ကသိုလ်အရန်တပ်ရင်းတွင် လည်း တပ်မှူးအဖြစ် ဆောင်ရွက်ခဲ့ဖူးသူဖြစ်ပါသည်။ ၁၉၄၉ ခုနှစ်တွင် မော်ဘီစိုက်ပျိုးရေး ဥယျာဉ်အနီး ဗကပတပ်နှင့် တိုက်ပွဲတွင် လည်းကောင်း၊ ဒညင်းကုန်းတွင် KNDO နှင့် တိုက်ပွဲတွင်လည်းကောင်း၊ First Burma Regiment နှင့်အတူ တက္ကသိုလ် ကျောင်းသားဘဝ၌ တိုက်ပွဲဝင်ခဲ့ဖူးသည့် သားမောင်တို့ကဲ့သို့သော ရဲဘော်တဦးလည်း ဖြစ်ခဲ့ဖူးပါသည်။

ဦးနု၏ တရားဝင်အစိုးရအား ဗိုလ်ချုပ်နေဝင်းနှင့် အပေါင်းအပါတို့သည် ၁၉၆၂ ခုနှစ်တွင် လက်နက်ဖြင့် ကျောင်းသား ပြည်သူများကို သတ်၍ နိုင်ငံတော်အာဏာကို မတရား ရယူခဲ့ပါသည်။ စစ်အုပ်ချုပ်ရေး မနှစ်မြို့သော ကျောင်းသားရဟန်းရှင်လူ အပြင် ကြည်းရေလေတို့မှလည်း အချို့သော ရဲဘော်များ လာရောက်ပူးပေါင်းခြင်းဖြင့် ၁၉၈၈ ခုနှစ်တွင် ရှစ်လေးလုံးဟု အမည်တွင်ခဲ့ သော အထွေထွေအုံကြွမှုကြီး ဆင်နွှဲခဲ့ကြသည်မှာ ရဲဘော်တို့အသိဖြစ်ပါသည်။ ထို အုံကြွမှုကြီးကို ဇာတ်တူသားစားတဲ့ ဗိုလ်ချုပ် စောမောင်နဲ့ ဗိုလ်ချုပ်သန်းရွှေတို့ ပါဝင်သော တပ်မတော်အမည်ခံတို့က လက်နက်ဖြင့် ဖြေရှင်း၍ နိုင်ငံတော်အာဏာကို ပြန်လည် သိမ်းယူခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်တွင် ပါတီစုံ အထွေထွေ ရွေးကောက်ပွဲကြီးကို အနိုင်ရသူအား အာဏာအပ်နှင်း၍ စစ်တန်းလျား ပြန် ကြမည်ဟု ကြွေးကြော်ပြီး ပါတီစုံ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပပေးခဲ့ပါသည်။ အနိုင်ရသော ပါတီအား အာဏာမအပ်သည့် အပြင် ပါတီခေါင်းဆောင်တချို့အား ဖမ်းပြီး အကျဉ်းချ၍ အချို့ကိုလည်း ဇီဝိန်ချွေခဲ့ကြောင်း အမောင်ရဲဘော်တို့အသိ ဖြစ်ပါသည်။

စစ်အစိုးရ နှစ်ဆက်ပေါင်း (၄၃)နှစ်ကျော်တွင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ တရား စီရင်ရေး စသည်တို့တွင် အိမ်နီးချင်းနိုင်ငံများနှင့် မယှဉ်နိုင်သည်အထိ ချွတ်ခြုံကျပြီး လူကြီးလူငယ် စာရိတ္တပျက်ပြားမှုတွင် စံတင်ရလောက် အောင်ပင် နိမ့်ဆင်းသွားခဲ့ရပေသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လယ်ယာအိုးအိမ်တို့ကို လျော်ကြေးမပေးပဲ သိမ်းယူ ပြီး ၎င်းတို့၏ ခေါင်းဆောင်များကို ဖမ်းဆီးချုပ်နှောင်ထားခြင်း၊ ရိုးရာယဉ်ကျေးမှုများ ဖျက်ဆီးကာ သမီးပျိုများကိုပင် ခြေတော်တင်မှု ကို ရဲဘော်တို့အသိဖြစ်ပါသည်။ ဒီလိုအဖြစ်အပျက်မျိုးမှ ကလေးတွေရဲ့ ငိုယိုသံ၊ သမီးပျိုတို့ရဲ့ ရှိုက်သံတွေ၊ လူကြီးတွေရဲ့ သက်ပြင်းချ ညည်းညူသံတွေ တနေ့တခြား ပြင်းထန်လာပြီး ကျယ်လောင်စွာ အဘကြားနေရ မြင်နေရပါတယ်။ အဘဟာ လူနဲ့မူ ခွဲပြီး မြင်ပါ တယ်။ သွေးသားနဲ့ရှိနေတဲ့ လူပုဂ္ဂိုလ်ဗိုလ်ချုပ်တွေကို ကြင်နာသော်လည်း သူတို့ရဲ့ ဆိုးယုတ်သော ညဉ်ဆိုးကိုတော့ တိုက်ထုတ်ရမှာ ဖြစ်ပါတယ်။

ဒီညဉ်ဆိုးတွေ ဖျောက်ပြီး စစ်သားပီပီ အရပ်သားအုပ်ချုပ်ရေးနှင့် လုံးဝမပတ်သက်ပဲ စစ်ဗိုလ်များ စစ်တပ်သို့ ပြန်ကြရန် အဘ မကြာမီ မေတ္တာရပ်ခံပါမည်။ အကယ်၍ အဘရဲ့ မေတ္တာရပ်ခံချက်ကို စိုးစဉ်းမျှ မတုန့်ပြန်လျှင်မူ အရပ်ဘက် ပြည်သူလူထုနှင့် လက်နက်ကိုင်တပ်ဖွဲ့တို့ ပူးပေါင်းပြီး အထွေထွေ အာဏာဖီဆန်ပွဲကြီးကို ဆက်လက်ကျင်းပလိုပါတယ်။ လူထုသည် ဤပွဲကို ဆင်နွှဲရန် အိမ်ထဲမှ အိမ်ပြင်သို့ထွက်ရန် မလိုပါ။ ပြုလုပ်ရမည့် အဆင့်(၅)ဆင့်ရှိပါတယ်။ ရဲဘော်တို့နဲ့ တပျော်တပါးကြီး ပူးပေါင်း ကျင်းပနိုင်ရန် ဤပွဲမှာ ပါဝင်စေဖို့ ဖိတ်ခေါ်ပါတယ်။ ယခုအချိန်၌ ၁၉၄၆–၄၇ ခုနှစ် ရဲသပိတ် ခေါင်းဆောင် ဗိုလ်ဝမ်းမောင်၊ ဗိုလ်သန်း မောင်၊ ဗိုလ်စိုးဝင်းနဲ့ ရဲတပ်သားပေါင်း (၃၀၀၀)ကျော် ရွှေတိဂုံစေတီတော်တက်၍ "ကရောင်းတံဆိပ်ဖြုတ်ပြီး ဒေါင်းတံဆိပ်လုပ်ကြစို့" ဟူသော ကြွေးကြော်သံနှင့် သပိတ်မှောက်ခဲ့ကြခြင်းကို သားမောင် စစ်သည်တော်များက အတုယူချိန်တန်ကြောင်း နှိုးဆော်လိုပါ သည်။ ရဲဘော်တို့သည် သခင်အားရကျွန်ပါးဝခေတ်ကို ကျော်လွှားပြီး ဦးနှောက်သုံး အလုပ်လုပ်တတ်တဲ့ ပြည်သူ့ဘက်ရပ်တည်တဲ့ ပြည်သူ့ရဲဘော်ဖြစ်ချိန်တန်ပါပြီ။ ရဲဘော်တို့ကို အဘကရော ပြည်သူကပါ မျှော်လင့်အားကိုးနေပါတယ်။

ပြည်သူလူထုနှင့် သားမောင်စစ်သည်တော်တို့ လုပ်ဆောင်ချက်အပေါ် ဗိုလ်ချုပ်များ တုတ်တုတ်မျှ မလှုပ်လျှင် နောက်ဆုံး အဆင့်အနေဖြင့် အဘတယောက်တည်း ထောင်ဝတ်စုံနဲ့ လမ်းမပေါ်တက်၍ ဆန္ဒပြပါမည်။ သားတို့ ကြိုတင်သိစေရန် နှိုးဆော်အပ်ပါ သည်။

စစ်ဘီလူးဝါဒီကျဆုံးရမည်၊ ကျဆုံးရမည်။ ပြည်သူ့အရေးတော်ပုံ အောင်ရမည်၊ အောင်ရမည်။

ချစ်ခင်လေးစားစွာဖြင့်

ဒေါက်တာဆလိုင်းထွန်းသန်း
အငြိမ်းစားပါမောက္ခ
ခေတ္တအမေရိကန်ပြည်ထောင်စု

# ကျောင်းသားနှင့် လူငယ်ထုအား
# ပန်ကြားလွှာ

နေ့စွဲ မေ (၁၀)ရက်၊ ၂၀၀၆ ခုနှစ်။

**ausmi;om;Eivli , rsm;ciAsm;**

အဘဟာ မိမိ၏ယုံကြည်ချက်ဖြင့် ရန်ကုန်မြို့တော်ခန်းမရှေ့မှာ တကိုယ်တော်ဆန္ဒပြခဲ့တဲ့အတွက်ကြောင့် အင်းစိန်ထောင်တွင် တနှစ်ခွဲခန့် အကျဉ်းချခံခဲ့ရတဲ့ အသက်(၇၈)နှစ်အရွယ်ရှိပြီဖြစ်တဲ့ အငြိမ်းစားပါမောက္ခ ဒေါက်တာဆလိုင်းထွန်းသန်းဖြစ်ပါတယ်။ ၁၉၆၂ ခုကတည်းက စစ်သံခွာအုပ်ချုပ်ရေးအောက်မှာ ကျောင်းသားနှင့် လူငယ်ထု အပါအဝင် မြန်မာပြည်သူတို့သည် ပြားပြားဝပ်နေခဲ့ရခြင်းမှာ ၄၃ နှစ်ကျော်ရှိနေပါပြီ။ ဒီစစ်ဘီလူးဝါဒီသက်ဆိုးရှည်မှုကြောင့် အမောင်တို့အမိတို့အပါအဝင် မြန်မာပြည်သူပြည်သားအားလုံးတို့သည် ပညာရေး၊ စားဝတ်နေရေး၊ လူ့အခွင့်အရေး စတဲ့ ကိစ္စတွေမှာ အဘက်ဘက်က ချွတ်ခြုံကျနေသည်ကို အဘက ထပ်လောင်းပြီး ရှင်းပြနေစရာလိုတော့မည် မထင်ပါ။ ယင်း ကိစ္စများတွင် တိုးတက်မှုရှိကြောင်းကို စစ်အာဏာရှင်ပိုင်း စာနယ်ဇင်း၊ ရေဒီယို၊ တီဗွီ အစရှိသော မီဒီယာပေါင်းစုံမှ ဆင်သေကို ဆိတ်သားရေဖြင့် နေ့စဉ်ဖုံးအုပ်၍ မျက်လှည့်ပြဝါကြွားနေတာကိုလည်း သိရှိပြီး ဖြစ်ပါသည်။ ဒီလူမှုဆင်းရဲဒုက္ခ အပေါင်းကို ပိုမိုနက်ရှိုင်းလာစေရန် ရေနစ်သူအား ဝါးနဲ့ ကူထိုးနေတဲ့ အချို့သော အိမ်နီးနားချင်းနိုင်ငံတွေကိုလည်း အားလုံးအသိ ဖြစ်ပါသည်။

ဒီလူမှုဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်စေရန်ကိုလည်း မည်သူ့ကိုမျှ အားကိုး၍ မရနိုင်ကြောင်း သာဓကအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် မိမိထူထောင်ခဲ့သော တပ်မတော်နဲ့ ပြည်သူတရပ်လုံး ပူးပေါင်းပြီး ဖက်ဆစ်ဂျပန်ကိုရော ကိုလိုနီအင်္ဂလိပ်ကိုပါ တိုက်ထုတ်ခဲ့ရသည်မှာ သမိုင်းက ညွှန်ပြလျက်ရှိပါတယ်။

ယခုလက်ရှိအခြေအနေဟာ ကိုလိုနီနဲ့ ဖက်ဆစ်တို့ နှစ်မျိုးပေါင်းပြီး ထားသည်ထက်ပင် ပိုမိုဆိုးရွားပြီး ဇာတ်တူသားစားတဲ့ စစ်ဘီလူးအတွေးအခေါ်ကို ဗိုလ်သန်းရွှေနဲ့ အပေါင်းပါတို့က မြိန်မြိန်ရှက်ရှက်ကြီး ကျင့်သုံးနေကြပါတယ်။ ဘယ်သူ့ကိုမှ အားမကိုးဘဲ မြန်မာပြည်သူတရပ်လုံးက လက်တွဲညီညီနဲ့ သူတို့ရဲ့ ညစ်ပတ်စုတ်ပဲ့ယုတ်ညံ့လှတဲ့ အတွေးအခေါ်ကို သူတို့ရဲ့ ဦးနှောက်နဲ့ နှလုံးသားထဲက အပြတ်တိုက်ထုတ်နိုင်မှသာ အောင်ပန်းဆင်နိုင်ကြမယ်။ အဘ စေတနာအရ ကျောင်းသားလူငယ်များကို လုံးဝ ဒုက္ခမရောက်စေလိုပါ။ လူထုကိုလည်း ဒုက္ခမရောက်စေလိုပါ။ မြန်မာလူထုကို ရှေ့ဆက်ပြီး ဒုက္ခရောက်တာကိုလည်း မမြင်လိုတော့ပါ။ အခု အဘ ဦးဆောင်ပြုလုပ်မယ့် အိမ်တွင်းမှ အိမ်ပြင်သို့ ထွက်ရန်မလိုတဲ့ အထွေထွေ အာဏာဖီဆန်ပွဲကြီးမှာ ကျောင်းသားလူငယ်တိုင်း သမိုင်းအစဉ်အလာရှိခဲ့သည့်အလျောက် အရပ်ဘက်၊ လက်နက်ကိုင်အဖွဲ့အစည်းတို့နှင့် ပူးပေါင်းပြီး ရှေ့တန်းမှ ဦးဆောင်ပါဝင်ဆင်နွဲကြပါရန် လေးလေးနက်နက် အထူးတိုက်တွန်းနှိုးဆော်အပ်ပါသည်။ လမ်းပေါ်တက်ပြီး ဆန္ဒပြမှုကို အဘကိုယ်တိုင် ချိန်းချက်ထားသောနေ့တွင် ရှေ့က ထွက်၍ လက်တွေ့ပြသပါမည်။

စစ်ဘီလူးဝါဒီ ကျဆုံးရမည်၊ ကျဆုံးရမည်။
ပြည်သူ့အရေးတော်ပုံ အောင်ရမည်၊ အောင်ရမည်။

ချစ်ခင်လေးစားစွာဖြင့်

ဒေါက်တာဆလိုင်းထွန်းသန်း
အငြိမ်းစားပါမောက္ခ
ခေတ္တအမေရိကန်ပြည်ထောင်စု

**အလုပ်သမားနှင့် လယ်သမားထုအား**
**ဝန်ကြားလွှာ**

နေ့စွဲ မေ (၁၀)ရက်၊ ၂၀၀၆ ခုနှစ်။

မြန်မာပြည်မှ အလုပ်သမား လယ်သမားများ ခင်ဗျား

ကျွန်တော်ဟာ အငြိမ်းစားပါမောက္ခ၊ အင်းစိန်ထောင်ထွက် ဒေါက်တာဆလိုင်းထွန်းသန်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ ကို ၄၃ နှစ်ကျော်ကတည်းက အုပ်ချုပ်ခဲ့သော စစ်အစိုးရကြောင့် မြန်မာပြည်ရှိ တောင်သူလယ်သမားနှင့် အလုပ်သမားထု ကြီးသည် မြန်မာလူထုနှင့်အတူ မည်ကဲ့သို့ ဒုက္ခရောက်နေကြကြောင်း အထူးဖော်ပြရန် လိုမည် မထင်ပါ။ စစ်ဘီလူးအစိုးရ အောက်၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် တရားစီရင်ရေးတို့သည် မည်မျှ ချွတ်ခြုံကျနေသည် ကို ဆက်လက်ဖော်ပြရန် လိုအပ်မည် မထင်ပါ။ ထိုသို့သော လူမှုဒုက္ခအပေါင်းမှ မီးမောင်းထိုးပြရလျှင် လခနှင့် ကုန်ဈေးနှုန်း တဘက်စောင်းနင်းရှိနေခြင်းနှင့် လယ်ယာထွက်ပစ္စည်းများကို တဘက်လှည့်ပြီး စစ်အစိုးရနှင့် ပတ်သက်ရာ ပတ်သက် ကြောင်း ကုမ္ပဏီများမှ လက်ဝါးကြီးအုပ်၍ ဈေးနှိမ်ဝယ်ယူခြင်းတို့သည် ထင်ရှားသော သာဓကများ ဖြစ်ပါသည်။ ထို့ပြင် နဂိုက စားဝတ်နေရေး ရင်ဆိုင်နေရသည့်အထဲ သားသမီးများ ကျောင်းထားရသော စရိတ်အပြင် ပေါ်တာကြေး၊ ကိုယ့် ထမင်းကိုယ်စားပြီး ကြီးတော်နွား အလကားကျောင်းရသော လုပ်အားပေးကိစ္စတို့မှာလည်း နေ့စဉ် သေမင်းအရိပ် လွှမ်းမိုး သော ချိုင့်ထဲသို့ လျှောက်သွားနေရသလို ဖြစ်နေပါတော့သည်။ မိမိတို့ ခံစားရသောကိစ္စမို့ အဘထက် ပိုပြီး သိကြမှာပါ။

ပြည်ပအားကိုး ဗာလမျိုး စစ်ဘီလူးတို့က လူကြီးမင်းတို့ရဲ့ ချွေးနည်းစာထဲမှ လက်နက်အမျိုးမျိုး ဝယ်ယူပြီး ကိုယ်မွေးတဲ့မြောက်က ကိုယ့်ကို ပြန်ခြောက်လျက်ရှိရာ ဒီဘဝ နာလန်မထူနိုင်လောက်အောင် ဖြစ်နေကြရတယ်။ မိမိ လုပ်စာ မိမိစားချိန်ပင်မရှိ အတင်းအဓမ္မ စေခိုင်းခံရမှုကို ကမ္ဘာ့အဖွဲ့အစည်းအား တိုင်တန်းမိပါကလည်း အုပ်ချုပ်ရေး ယန္တရားဖြင့် အမျိုးမျိုး နှိပ်စက်ဒုက္ခပေးနေသည်သာမကပဲ အသက်ကိုပင် ရန်ရှာလာပါတယ်။ နှိပ်စက်လွန်း၍ ဇီဝိန်ချုပ် သွားသောအခါလည်း မည်သူမျှ လက်မခံနိုင်တဲ့ ရောဂါကြောင့် သေဆုံးကြောင်း အကြောင်းပြချက်ဖြင့် အလောင်းလာအပ် သည်ကိုလည်း လူကြီးမင်းတို့အားလုံး သိရှိပြီးဖြစ်ပါတယ်။ ဤကဲ့သို့ တောင်မင်းမကယ်နိုင် မြောက်မင်းမကယ်နိုင် အခြေ အနေမျိုးတွင် မည်သူကိုမျှ အားမကိုးပဲ ကိုယ်ပိုင်မေတ္တာ အရင်းခံလက်နက်ဖြင့် နအဖ စစ်ဘီလူး၏ ညဉ်ဆိုးကို ဒူးထောက် လာအောင် တညီတညွတ်တည်း တိုက်ထုတ်ကြရမည်။ ကျွန်ုပ်တို့ရဲ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည်လည်း ကျွန်ုပ်တို့ မပါပဲ ဘာမျှ မလုပ်နိုင်ပါ။ သူမ အိမ်တွင် အကျယ်ချုပ်ကျနေစဉ် သူမ၏ လွတ်မြောက်ရေးအပါအဝင် မြန်မာ ပြည်သူပြည်သားအားလုံး စစ်ဘီလူး၏ ဖိနပ်သံခွာအောက်မှ လွတ်မြောက်ရေးအတွက် ရှိသမျှအားအင် စုစည်းပြီး ညီညာ ဖြဖြ တိုက်ပွဲဝင်ကြပါစို့။ မည်သူမပြု မိမိမှုဖြစ်သဖြင့် အိမ်ထဲမှ အိမ်ပြင်သို့ ထွက်ရန် မလိုသော အထွေထွေ အာဏာဖီဆန်မှု ကြီးတရပ် ကျွန်တော်ချိန်းချက်သောအချိန်တွင် အရပ်သားရော လက်နက်ကိုင်တပ်ဖွဲ့ပါ အားလုံး ပါဝင်ဆင်နွဲကြပါစို့လို့ သမိုင်းအစဉ်အလာရှိခဲ့သည့်အလျှောက် လူကြီးမင်းတို့ ဦးဆောင်ကြပါရန် လေးနက်စွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ နောက်ဆုံးအဆင့်၌ ကျွန်တော်ကိုယ်တိုင် လမ်းမပေါ်တက်၍ ဆန္ဒပြပါမည်။

စစ်ဘီလူးဝါဒီ ကျဆုံးရမည်၊ ကျဆုံးရမည်၊
ပြည်သူ့အရေးတော်ပုံ အောင်ရမည်၊ အောင်ရမည်။

ချစ်ခင်လေးစားစွာဖြင့်

ဒေါက်တာဆလိုင်းထွန်းသန်း
အငြိမ်းစားပါမောက္ခ
ခေတ္တအမေရိကန်ပြည်ထောင်စု

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားတို့အား**
**ဝန်ကြားလွှာ**

နေ့စွဲ မေ (၁၀)ရက်၊ ၂၀၀၆ ခုနှစ်။

တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား

ကျွန်တော်သည် အရှိုချင်းတိုင်းရင်းသားတယောက်ဖြစ်၍ မိမိ၏ ယုံကြည်ချက်ကြောင့် အင်းစိန်ထောင်တွင် အကျဉ်းချခံရဖူးသော အငြိမ်းစားပါမောက္ခ ဒေါက်တာဆလိုင်းထွန်းသန်းဖြစ်ပါတယ်။ လွန်ခဲ့သော ၄၃ နှစ်ကျော်က ပြည်သူ တင်မြှောက်ထားသော တရားဝင်အစိုးရလက်ထဲမှ ကျောင်းသားလူငယ်နှင့် ရဟန်းရှင်လူတို့ကို သတ်ဖြတ်ပြီး နိုင်ငံတော် အာဏာကို ဗိုလ်နေဝင်းနှင့် အပေါင်းပါများက လုယူခဲ့ကြပါတယ်။ယင်းကိစ္စကို မနှစ်မြို့၍ ကျောင်းသားလူငယ်၊ ရဟန်းရှင်လူအပြင် တပ်မတော်သား အချို့တို့က ဆန္ဒပြကြပြန်ရာ ဒုတိယအကြိမ် ပြည်သူတွေကို ထပ်မံသတ်ဖြတ်ပြီး ဗိုလ်သန်းရွှေပါဝင်သော စစ်ဗိုလ်တစုက အာဏာသိမ်းပြန်ပါတယ်။ ဤမျှလောက် သေဆုံးမှုဟာ ကိုလိုနီခေတ်နဲ့ ဖက်ဆစ်ခေတ်နှစ်ခုပေါင်းမှာ မရှိခဲ့ပါ။ ဇာတ်တူ သားစားတဲ့ စစ်ဘီလူးအာဏာရှင်တစုဟာ ယနေ့တိုင် သက်ဆိုးရှည်လျက် ရှိနေဆဲပဲ။

စစ်ဗိုလ်များ ခေါးမိုးဗိုလ်ကျအုပ်စိုးခဲ့သော (၄၃)နှစ်ကျော်ကာလအတွင်း တိုင်းရင်းသားချစ်ကြည်ရေးကို တဖွဖွ ပြောခဲ့သော်လည်း ကျွန်တော်တို့ရဲ့ အိုးအိမ်လယ်ယာသိမ်းဆည်းပြီးရုံဖြင့် မရောင့်ရဲနိုင်ပေ။ ကျွန်တော်တို့ ကိုးကွယ်သော ဘာသာရေးအဆောက်အအုံများနှင့် ရိုးရာပစ္စည်းအမှတ်အသားများကိုပါ ဖျက်ဆီးမီးရှို့ခြင်းနဲ့ မကျေနပ်နိုင်သေးပဲ ဓမ္မဆရာများကိုလည်း စွဲချက်မရှိပဲ ဖမ်းဆီးချုပ်နှောင် ထိုးကြိတ်ရိုက်နှက်ပြီး နှိပ်စက်ကလူပြုမှုပါသေးတယ်။ ထိုမျှနှင့် မရပ်တန့်သေးပဲ အချင်းချင်း သွေးကွဲအောင် ကျွန်တော်တို့ကြား သပ်လျှိုကာ သမီးပျိုများကိုလည်း စနစ်တကျ စီမံကိန်းနဲ့ ခြေတော်တင်ခဲ့၍ သူတို့လေးတွေရဲ့ ဘဝကိုလည်း ဖျက်ဆီးခဲ့ကြပြီ။ ယခုအခါ လူ့ဘဝရဲ့ အဆိုးဆုံးအခြေအနေသို့ ကျွန်တော်တို့ လူနည်းစုများနဲ့ မြန်မာလူထုကြီး ဖြတ်သန်းနေရပြီး ကျွန်တော်တို့ရဲ့ မျက်ရည်ကို ကိုယ့်ဒူးနဲ့ပဲ သုတ်နေရကြ သဖြင့် ကယ့်မည့်သူ မျှော်လင့်သော်လည်း နတ္ထိဖြစ်ခဲ့ရပြီ။

ဤအခြေအနေတွင် သင်းကွဲနေသော လူနည်းစုများ အတိတ်ကို မေ့ခဲ့ပြီး ခွန်အားသစ်နဲ့ တဖန်ပြန်လည်စုစည်း၍ မကုန်ခမ်းနိုင်သော မေတ္တာစိတ်ရှေ့ထားပြီး မခွဲစတမ်း လက်ပြန်တွဲ၍ ရှေ့သို့ ချီတက်ကြပါစို့။ ကိုလိုနီနဲ့ ဖက်ဆစ်ဝါဒကို ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားနဲ့ မြန်မာလူထုအပြင် မိမိပြုစုပျိုးထောင်ခဲ့သော ပြည်သူ့တပ်မတော်တို့ လက်တွဲ ညီညီ စည်းလုံးသော ညီညွတ်မှုနဲ့ တိုက်ထုတ်ခဲ့သလို ငါတို့ရဲ့ စည်းလုံးမှုအင်အားကို ပြန်လည်စုစည်းဖော်ထုတ်ကြပါစို့။

ကျွန်တော် ချိန်းချက်သောအချိန်တွင် အချို့သောလက်နက်ကိုင်တပ်ဖွဲ့များနဲ့အတူ တကြိမ်မျှ မြန်မာပြည်တွင် မပေါ်ပေါက်ခဲ့ဖူးသော အထွေထွေ အာဏာဖီဆန်မှုကြီးကို ချစ်ခြင်းမေတ္တာအရင်းတည်ကာ ငါတို့ရဲ့ ရန်သူစစ်ဝါဒီ ဒူးထောက်လာသည့်အထိ စည်းစည်းလုံးလုံး ဆင်နွှဲကြရန် အသင့်အနေအထား၌ ရှိနေကြဖို့ ညီနောင်များအားလုံးကို တပ်လှန့်နှိုးဆော်အပ်ပါတယ်။ နောက်ဆုံးအဆင့်တွင် ကျွန်တော်ကိုယ်တိုင် လမ်းမပေါ်သို့ ဆန္ဒပြရန် မြန်မာပြည်သို့ လာခဲ့ ပါမည်။

စစ်ဘီလူးဝါဒီ ကျဆုံးရမည်၊ ကျဆုံးရမည်။
ပြည်သူ့အရေးတော်ပုံ အောင်ရမည်၊ အောင်ရမည်။

ချစ်ခင်လေးစားစွာဖြင့်

ဒေါက်တာဆလိုင်းထွန်းသန်း
အငြိမ်းစားပါမောက္ခ
ခေတ္တအမေရိကန်ပြည်ထောင်စု

နေ့စွဲ မေ (၁၀)ရက်၊ ၂၀၀၆ ခုနှစ်။

ချင်းအမျိုးသားများ ခင်ဗျား

ကျွန်တော်သည် အသက် (၇၈)နှစ်ရှိပြီး ဒီမိုကရေစီရရှိရေးအတွက် ဆန္ဒပြမှုဖြင့် အင်းစိန်ထောင်တွင် တနှစ်ခွဲခန့် ထောင်ချခံခဲ့ရသည့် ချင်းလူမျိုး အငြိမ်းစားပါမောက္ခ ဒေါက်တာဆလိုင်းထွန်းသန်းဖြစ်ပါသည်။ ကျွန်တော်သည် မြန်မာနိုင်ငံ စစ်အစိုးရအား ၎င်းတို့ မတရားရယူထားသော နိုင်ငံတော်အာဏာကို မူလပိုင်ရှင် မြန်မာပြည်လူထုအား ပြန်လည် အပ်နှင်းရန် သတိပေးစာ ရေးသားပြီး ဖြစ်ပါသည်။ အကယ်၍ ထိုသတိပေးစာကို ဂရုမမူပါက သတ်မှတ်ထားသည့် ရက်စွဲ အလိုက် ဆက်လက်၍ ငြိမ်းချမ်းစွာ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်းကိုလည်း ထုတ်ပြန်ထားပါသည်။ (ပူးတွဲစာကို ရှု)

သို့သော် စစ်အစိုးရသည် ဆက်လက်ခေါင်းမာနေပါလျှင် ကျွန်တော်သည် ခရစ်တော်နာမဖြင့် ဒီမိုကရေစီရရှိရေး အတွက် ငြိမ်းချမ်းစွာ ဆောင်ရွက်ရန် မြန်မာပြည်သို့ သွားပါမည်။ စစ်အစိုးရက ကျွန်တော့်ကို သတ်ဖြတ်မည်မှာ သေချာ ပါသည်။

မြန်မာပြည်ဒီမိုကရေစီရရှိရေးအတွက် အဓိပ္ပါယ်ရှိသော အသက်စွန့်လွှတ်မှုဖြစ်စေရန် ချင်းအမျိုးသားများက သင့်လျော်သောနည်းလမ်းများဖြင့် ကူညီကြပါရန် တိုက်တွန်းအပ်ပါသည်။ မြန်မာပြည်သူလူထုအားလုံး စစ်မှန်သော ဒီမိုကရေစီရရှိရေးအတွက် အပတ်တကုတ် ကြိုးစားကူညီကြပါရန် ခရစ်တော်နာမ၌ ချင်းလူမျိုးများအား ထပ်လောင်း၍ နှိုးဆော်အပ်ပါသည်။

ချစ်ခင်လေးစားစွာဖြင့်

ဒေါက်တာဆလိုင်းထွန်းသန်း
အငြိမ်းစားပါမောက္ခ
ခေတ္တအမေရိကန်ပြည်ထောင်စု

**တကမ္ဘာလုံးရှိ မြန်မာသံရုံးများမှ သံအမတ်များ၊ သံမှူးများ၊ ကောင်စစ်ဝန်များနှင့် သံရုံးဝန်ထမ်းများခင်ဗျား။**

နေ့စွဲ မေ (၁၀)ရက်၊ ၂၀၀၆ ခုနှစ်။

ကျွန်တော်သည် အသက် (၇၈)ရှိပြီဖြစ်သော၊ မိမိယုံကြည်ချက်ကြောင့် ထောင်ကျခဲ့ဖူးသည့် အရှိုချင်းလူမျိုး အငြိမ်းစားပါမောက္ခ ဒေါက်တာဆလိုင်းထွန်းသန်းဖြစ်ပါသည်။

ယခု မြန်မာပြည်တွင် ဖြစ်ပျက်နေသော လူ့အခွင့်အရေး ဆိတ်သုဉ်းမှု၊ ဗုဒ္ဓဘာသာဝင်မဟုတ်သောသူများမှ ဗုဒ္ဓဘာသာအပေါ် အထင်အမြင်လွဲမှု၊ လူနည်းစုများက ဗမာလူမျိုးကြီးဝါဒ ကျင့်သုံးနေကြောင်း စွပ်စွဲနိုင်ရန် လုပ်ကိုင်နေမှု၊ ဝန်းကျင်ကို ဖျက်ဆီးနေမှု၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အထွေထွေကုန်ဈေးနှုန်းကြီးမြင့်မှုတို့သည် နိုင်ငံတော် အစိုးရ၏ လုပ်ရပ်ကြောင့် ဖြစ်ပေါ်နေသည်ကို ထောက်ခံကြပါသလား။ ထောက်ခံလျှင် ဆက်လက်၍ ယခုရာထူးတွင် ဗိုလ်နေမြဲ ကျားနေမြဲနေကြပါ။ သို့သော် ၎င်း၏ အကျိုးဆက်ကိုမူ သင်တို့ ခံကြရမည်ကို နားလည်စေချင်သည်။ အကယ်၍ မထောက်ခံနိုင်ပါက မိမိ၏ ရာထူးကို စွန့်၍ နိုင်ငံရေးခိုလှုံမှုတောင်းခြင်းကို မြန်မာလူထုမှ လက်ကမ်းကြိုဆိုနေမည် ဖြစ် ကြောင်း အသိပေးလိုပါသည်။ သို့ပါ၍ ဤကိစ္စနှင့် ပတ်သက်၍ အချိန်မနှောင်းမီ နှိုက်နှိုက်ချွတ်ချွတ် စဉ်းစား**jy**း လုပ်ကိုင် သင့်ပြီဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ခင်မင်စွာဖြင့်

ဒေါက်တာဆလိုင်းထွန်းသန်း
အငြိမ်းစားပါမောက္ခ
ခေတ္တအမေရိကန်ပြည်ထောင်စု

# ကမ္ဘာ့ဘာသာရေးအဖွဲ့အစည်းများအား
# ပန်ကြားလွှာ

နေ့စွဲ မေ (၁၀)ရက်၊ ၂၀၀၆ ခုနှစ်။

ကမ္ဘာ့ဘာသာရေးအဖွဲ့အစည်းများမှ ဆရာတော်ကြီးများ ခင်ဗျား

ကျွန်တော်သည် မိမိယုံကြည်ချက်ကြောင့် မြန်မာနိုင်ငံစစ်အစိုးရက အင်းစိန်ထောင်တွင် တနှစ်ခွဲခန့် အကျဉ်းချခံခဲ့ ရသော အသက် (၇၈)နှစ်ရှိ အငြိမ်းစားပါမောက္ခ ဒေါက်တာဆလိုင်းထွန်းသန်းဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် လူထုမဲဖြင့် အုပ်ချုပ်နေသော ဝန်ကြီးချုပ် ဦးနုအစိုးရကို ဗိုလ်ချုပ်နေဝင်းနှင့် အပေါင်းအပါတို့သည် ၁၉၆၂ ခုနှစ်တွင် ကျောင်းသားနှင့် အရပ်သားများအား သတ်ဖြတ်၍ အာဏာသိမ်းယူခဲ့ပါသည်။ စစ်အစိုးရအုပ်ချုပ်ရေးကို မနှစ်မြို့သဖြင့် ၁၉၈၈ ခုနှစ်တွင် ကျောင်းသားနှင့် ရဟန်းရှင်လူအပြင် အချို့သောတပ်မတော်သားများပါ ပူးပေါင်း၍ လူထုအုံကြွမှုကြီး ဖြစ် ခဲ့ရာ ကလေးလူငယ်များ၊ ကျောင်းသားများ၊ ရဟန်းများနှင့် အလုပ်သမားများတို့ကို တကြိမ်ထပ်မံသတ်ဖြတ်ပြီး ဗိုလ်ချုပ် စောမောင်နှင့် ဗိုလ်ချုပ်သန်းရွှေတို့သည် အကြမ်းဖက်၍ အာဏာကို ရယူပြန်သည်။

ရွေးကောက်ပွဲအနိုင်ရသူအား ချက်ချင်းအာဏာအပ်နှင်းပြီး စစ်တန်းလျားသို့ ပြန်ကြမည်ဟု ကြွေးကြော်ကာ ၁၉၉၀ ပြည့်နှစ်တွင် စစ်အစိုးရသည် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပပေးခဲ့ပါသည်။ သို့သော် အနိုင်ရသော ပါတီအား နိုင်ငံတော်အာဏာ မပေးအပ်သည့်အပြင် အနိုင်ရသောပါတီနှင့် အခြားပါတီခေါင်းဆောင်များကို ဖမ်းဆီး ထောင်ချခြင်း၊ အချို့သောနိုင်ငံရေးပါတီများကိုလည်း ဖျက်သိမ်းခြင်း ပြုလုပ်ပါသည်။

နိုင်ငံရေးလှုပ်ရှားသောသူများ၊ အချို့သော ရဟန်းများနှင့် ကျောင်းသားအများအပြား ဖမ်းဆီးထောင်ချခြင်း၊ နှိပ်စက်ခြင်းတို့ကို မိမိတို့ အုပ်စိုးခဲ့သော ၄၃ နှစ်အတွင်း စစ်အစိုးရက ပြုလုပ်နေပါသည်။ မိမိတို့ နှိပ်စက်၍ သေဆုံးသော အလောင်းများကို ၎င်းတို့၏ မိသားစုသို့ မည်သူမျှ မယုံနိုင်လောက်သော ရောဂါအမည်တပ်၍ ပေးပို့ပါသည်။

ဖမ်းဆီးထားသော ပုဂ္ဂိုလ်များအားလည်း လိမ်လည်အမှုဆင်၍ ပုဒ်မအမျိုးမျိုးတပ်ကြပြန်ပါသည်။ လူနည်းစု တိုင်းရင်းသားတို့၏ လယ်ယာအိုးအိမ်တို့ကို လျော်ကြေးမပေးပဲ သိမ်းဆည်းကြသည်။ ဗုဒ္ဓဘာသာမဟုတ်သော ဘုရားရှိခိုး ကျောင်းတို့ကို မီးရှို့ခြင်း၊ ဖျက်ဆီးခြင်း၊ ၎င်းတို့၏ ဓမ္မဆရာများကိုလည်း ဖမ်းဆီးခြင်း၊ လက်သီးနှင့် ထိုးခြင်း၊ ရိုက်နှက်ခြင်း တို့ကို တရားမစွဲဆိုပဲလည်း ပြုလုပ်ကြပါသည်။ လူနည်းစုတိုင်းရင်းသားကျောင်းသားများကို ဗမာလူမျိုး ယဉ်ကျေးမှု မလိုက် နာသောကြောင့် ကျောင်းမှ ထုတ်ခံရသဖြင့် ထိုလူငယ်တို့လည်း ဘဝပျက်သွားကြရသည်။ တိုင်းရင်းသားလူနည်းစုတို့၏ ရိုးရာပစ္စည်းများမှာလည်း ဖျက်ဆီးခြင်းခံရပြီး အချို့ အစပျောက်သွားပါသည်။ တိုင်းရင်းသူသမီးပျိုများကိုလည်း စနစ် တကျ ခြေတော်တင်ပြီး ၎င်းတို့၏ဘဝ ပျက်စီးသွားတော့သည်။

ကျွန်တော်တို့၏ အိမ်နီးနားချင်းနိုင်ငံအချို့သည်လည်း ကျွန်တော်တို့အား သတ်ဖြတ်ရန် လက်နက်များ ရောင်းချ ပြီး စစ်ပြေးဒုက္ခသည်များကိုလည်း အနိမ့်ဆုံးလခနှင့် ငှားရမ်းကာ အမျိုးသမီးငယ်များတို့ကို လိင်ဖျော်ဖြေရန် အတင်း အကြပ် စေခိုင်းနေပါသည်။ ဗိုလ်ချုပ်များ တနေ့တခြား ကြွယ်ဝလာသော်လည်း ပြည်သူလူထုမှာ ဆင်းရဲဒုက္ခ ဝဲဩဃ၌ ပို၍ နစ်မွန်းနေပါသည်။ ကျွန်တော်တို့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှာလည်း သူမအား ကာကွယ်ရန်ဟု ဆင်ခြေပေး၍ အိမ်တွင် အကျယ်ချုပ် အဖမ်းခံနေရပါသည်။ တိုင်းရင်းသားလူနည်းစုခေါင်းဆောင်များကိုလည်း မယုံကြည်နိုင်သော စွပ်စွဲ ချက်များဖြင့် ဖမ်းဆီးအကျဉ်းချခံထားရပါသည်။ ကျွန်တော်တို့၏ အခြေအနေမှာ ကယ်မည့်သူဝေးသော ဒုက္ခပင်လယ်ကြီး တွင် ဆိုက်ရောက်နေပါပြီ။ ဤဒုက္ခပင်လယ်နွံအိုင်ကြီးထဲမှ ဘုရားသာလျှင် ကယ်နိုင်ပေတော့မည်။

လွန်စွာ အတိဒုက္ခရောက်နေကြရသောဘဝမှ လွတ်မြောက်စေရန် အိမ်ထဲမှ အိမ်ပြင်သို့ ထွက်ရန်မလိုသော အထွေထွေဖီဆန်မှု လှုပ်ရှားရန် ကျွန်တော်သည် များမကြာမီ လှုံ့ဆော်ပြုလုပ်ပါမည်။ စစ်ဘီလူးအစိုးရ၏ ကြောက်မက်ဖွယ် ကောင်းသော တွေးခေါ်ဆင်ခြင်လုပ်ကိုင်မှု ပြောင်းလဲသွားစေရန်သာ ရည်ရွယ်ပါသည်။ ဤအထွေထွေအာဏာဖီဆန်ပွဲကြီး မအောင်မြင်ပါက ကျွန်တော်ကိုယ်တိုင် ထောင်ဝတ်စုံဝတ်ဖြူတော်ဝတ်ဆင်၍ မြန်မာပြည်သို့ သွားရောက်ကာ လမ်းမပေါ်၌ ငြိမ်းချမ်းစွာ ဆန္ဒပြမည်ဖြစ်ပါသည်။ ကျွန်တော့်အား အစိုးရက သတ်သည်ဖြစ်စေ၊ မသတ်ပဲထားသည်ဖြစ်စေ ကျွန်တော်၏ ဆန္ဒပြမှုကြောင့် အထွေထွေအုံကြွမှုကြီး ဖြစ်ပေါ်လာစေခြင်းဖြင့် နောက်ဆုံးတွင် စစ်မှန်သော ဒီမိုကရေစီရရှိမည်ဟု မျှော်မှန်းပါသည်။

ဘာသာပေါင်းစုံမှ ဆရာတော်ကြီးများက ကျွန်တော်မျိုးတို့၏ လှုပ်ရှားမှုကြီး အောင်မြင်စေရန် မေတ္တာပွား တရားမှတ်ပေးခြင်း၊ ဆုတောင်းပွဲများ ပြုလုပ်ပေးခြင်း၊ ဖြစ်နိုင်ပါက မိမိတို့၏ ဘာသာဝင်များအား ပြောကြား၍ ဆုတောင်းမေတ္တာပို့ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

အမှန်တရား မုချအောင်မြင်ရမည်။

ထာဝရ လေးစားလျက်

ဒေါက်တာဆလိုင်းထွန်းသန်း
အငြိမ်းစားပါမောက္ခ
ခေတ္တအမေရိကန်ပြည်ထောင်စု

## စာနယ်ဇင်းလောကမှ မိတ်ဆွေများထံ
## ပန်ကြားလွှာ

နေ့စွဲ မေ (၁၀)ရက်၊ ၂၀၀၆ ခုနှစ်။

စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များခင်ဗျား

ကျွန်တော်သည် မိမိယုံကြည်ချက်ကြောင့် မြန်မာနိုင်ငံစစ်အစိုးရက အင်းစိန်ထောင်တွင် တနှစ်ခွဲခန့် အကျဉ်းချခံခဲ့ရသော အသက်(၇၈)နှစ်ရှိ အငြိမ်းစားပါမောက္ခ ဒေါက်တာဆလိုင်းထွန်းသန်းဖြစ်ပါသည်။ လူထုဆန္ဒမဲဖြင့် အုပ်ချုပ်နေသော ဝန်ကြီးချုပ် ဦးနုထံမှ နိုင်ငံတော်အာဏာကို ဗိုလ်ချုပ်နေဝင်းနှင့် အပေါင်းအပါတို့သည် ၁၉၆၂ ခုနှစ်၌ မတရား သိမ်းယူခဲ့ပါသည်။ စစ်အုပ်ချုပ်ရေး ကို မနှစ်မြို့သော ကျောင်းသားများ၊ သံဃာတော်များ၊ တပ်မတော်မှ အချို့သော တပ်သားများနှင့် ပြည်သူလူထုကြီးသည် ၁၉၈၈ ခုနှစ်တွင် ဆန္ဒပြခဲ့ကြပါသည်။ ဗိုလ်ချုပ်စောမောင်နှင့် ဗိုလ်ချုပ်သန်းရွှေတို့သည် ကျောင်းသားများ၊ ရဟန်းရှင်လူများအပြင် ကျောင်း သားငယ်များပင် သတ်ဖြတ်၍ နိုင်ငံတော်အာဏာကို တဖန် မတရားရယူကြပြန်ပါသည်။

ရွေးကောက်ပွဲတွင် အနိုင်ရသောသူအား နိုင်ငံတော်အာဏာကို အပြီးအပိုင် လွှဲအပ်၍ စစ်တန်းလျားသို့ ပြန်မည်ဟု ကြွေး ကြော်ကာ ၁၉၉၀ ပြည့်နှစ်၌ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပပေးခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည် ဦးစီးသော အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ် အနိုင်ရသော်လည်း နိုင်ငံတော်အာဏာကို လွှဲမပေးသည့်အပြင် ထိုပါတီ၏ ခေါင်းဆောင်များ ဖမ်းဆီး သကဲ့သို့ အခြားပါတီခေါင်းဆောင်များကိုလည်း ဖမ်းဆီးအကျဉ်းချကာ အချို့ပါတီများကို ဖျက်သိမ်းလိုက်ပါသည်။

စစ်အစိုးရ၏ ၄၃ နှစ်ကျော် အုပ်ချုပ်မှုအောက်၌ ထင်ရှားသော နိုင်ငံရေးသမားများ၊ အချို့သံဃာတော်များ၊ သတင်း ထောက်များ၊ သတင်းစာဆရာများတို့ကို အကျဉ်းချညှင်းပန်းခဲ့ပါသည်။ သတင်းစာတိုက်အများအပြားကို ပိတ်ပြီး ယခုအချိန်တွင် သတင်းစာ (၃)စောင်သာ ကျန်ပါတော့သည်။ အယ်ဒီတာများကို ဖမ်းဆီးချုပ်နှောင်၍ ညှင်းဆဲရာ အချို့သော အယ်ဒီတာများ ညှင်းပန်းစဉ် သေဆုံးကြရပါသည်။ လူနည်းစုတို့၏ အိုးအိမ်လယ်ယာများကို လျော်ကြေးမပေးပဲ သိမ်းယူ၍ သူတို့၏ သမီးပျိုများကို စနစ်တကျ မုဒိမ်းကျင့်ကြသဖြင့် သူမတို့၏ ဘဝ ပျက်ကြရပါသည်။

ဗုဒ္ဓဘာသာမဟုတ်သော ဘုရားရှိခိုးကျောင်းများကို ဖျက်ဆီးခြင်း၊ မီးရှို့ခြင်းကို ပြုလုပ်ပြီး ၎င်းတို့၏ ဓမ္မဆရာများကိုလည်း လက်သီးနှင့်ထိုးခြင်း၊ ရိုက်နှက်ခြင်း ပြုလုပ်ပါသည်။ ဖမ်းဆီးထားသောသူများကိုလည်း မယုံနိုင်ဖွယ်ရာ စွပ်စွဲချက်များ ပြုလုပ်ကြပါ သည်။ စစ်ဆေးစဉ် သေဆုံးသွားသောပုဂ္ဂိုလ်များအား မယုံနိုင်သော ရောဂါအမည်တပ်ကာ အလောင်းကို မိသားစုထံသို့ ပြန်ပို့ကြ သည်။ ဗိုလ်ချုပ်မှူးကြီးများနှင့် သူတို့၏ အဖွဲ့ကား တနေ့တခြား ဌေးကြွယ်ကြသလောက် အများပြည်သူတို့မှာ ကုန်းကောက်စရာ မရှိလောက်အောင် ဆင်းရဲကြပါသည်။ ကျွန်တော်တို့ စီးပွားရေး၊ လူမှုရေး၊ တရားစီရင်ရေး၊ သတင်းစာလွတ်လပ်မှုနှင့် လူ့အခွင့် အရေးတို့မှာ ရစရာ မရှိလောက်အောင် ပျက်ပြားနေပါသည်။ လုပ်ကြံသူတို့ထံမှ ကာကွယ်ရန်ဟူသော ဆင်ခြေဖြင့် ကျွန်တော်တို့၏ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား အိမ်အကျယ်ချုပ် ဖမ်းဆီးထားပါသည်။ ကျွန်တော်တို့တိုင်းပြည်၏ အခြေအနေမှာ အလွန်တရာ ဆိုးရွားလှပါသဖြင့် တောင်မင်းမကယ်နိုင် မြောက်မင်းမကယ်နိုင်ဘဝတွင် ရောက်နေကြရပါသည်။

ဤအခြေအနေဆိုးကြီးမှ ကယ်တင်ရန် ကျွန်တော်သည် ပြည်သူလူထုအိမ်ထဲမှ အိမ်ပြင်သို့ ထွက်ရန်မလိုသော အထွေထွေအာဏာဖီဆန်ပွဲကြီး ဦးဆောင်ပြုလုပ်ပါမည်။ စာနယ်ဇင်းအဖွဲ့များအား အနူးအညွတ်တောင်းပန်လိုသည်မှာ စစ်အစိုးရ က မိမိနိုင်ငံသားများကို အနိုင်မကျင့်ပဲ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန်၊ လွတ်လပ်စွာ သွားလာစည်းရုံး၍ ပါတီများ တည် ထောင်ခွင့်ပေးရန်အပြင် မတရားရယူထားသော နိုင်ငံတော်အာဏာကို မူလပိုင်ရှင်ဖြစ်သည့် မြန်မာလူထုအား ပြန်ပေးပါရန်ကိစ္စကို စာနယ်ဇင်းလက်နက် အသုံးပြု၍ တိုက်တွန်းပေးစေလိုပါသည်။ ကျွန်တော်တို့၏ အိမ်နီးနားချင်းနိုင်ငံများက မြန်မာလူမျိုးသတ်သည့် လက်နက်များ မရောင်းချရန်နှင့် မြန်မာဒုက္ခသည်များအား မတရားမနှိပ်စက်ရန်ကိုလည်း နှိုးဆော်ပေးပါမည့်အကြောင်း စာနယ်ဇင်း များမှ ထုတ်ဖော်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

မျှော်လင့်ကြီးစွာဖြင့် ကြိုတင်ကျေးဇူးတင်လျက်

ခင်မင်ရင်းနှီးစွာဖြင့်

ဒေါက်တာဆလိုင်းထွန်းသန်း
အငြိမ်းစားပါမောက္ခ
ခေတ္တအမေရိကန်ပြည်ထောင်စု

**ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နအဖ အဖွဲ့ဝင်များထံ**
**ဝန်ကြားလွှာ**

နေ့စွဲ ဇEဝါရီ (၁၃)ရက်၊ ၂၀၀၆ ခုနှစ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နအဖ အဖွဲ့ဝင်များခင်ဗျား

ကျွန်တော်သည် မိမိ၏ ယုံကြည်ချက်ကြောင့် အင်းစိန်ထောင်တွင် တနှစ်ခွဲခန့် အကျဉ်းချခံခဲ့ရသော အရှိုချင်း တိုင်းရင်းသား အသက် (၇၈)နှစ်ရှိပြီဖြစ်တဲ့ အငြိမ်းစားပါမောက္ခ ဒေါက်တာဆလိုင်းထွန်းသန်းဖြစ်ပါတယ်။ ကျွန်တော်သည် ၁၉၄၃–၄၅ ခုနှစ်တွင်း ဗမာ့လွတ်လပ်ရေးတပ်မတော်၌ အရန်တပ်သား၊ ထို့နောက် လက်ရွေးစင်တပ်သား၊ ၁၉၄၆–၄၇ ခုနှစ်တွင် ကျောင်းသားရဲခေါင်နှင့် အရှိုချင်းအမျိုးသားကာကွယ်ရေးတပ်တွင် (CDO) ခရိုင်စစ်ခေါင်းဆောင် လုပ်ခဲ့ဖူးပြီး၊ ၁၉၆၉–၇၄ ခုနှစ်အတွင်း မန္တလေးတက္ကသိုလ်များ၏ တက္ကသိုလ်အရန်တပ်ရင်းတွင် တပ်မှူးအဖြစ် ဆောင်ရွက်ခဲ့ဖူးပါသည်။ ၁၉၄၉ ခုနှစ်တွင် တက္ကသိုလ်ကျောင်းသားဘဝ၌ မှော်ဘီစိုက်ပျိုးရေးဥယျာဉ်အနီး ဗကပနှင့်လည်းကောင်း၊ ဒညင်းကုန်းတွင် (KNDO)နှင့်လည်းကောင်း၊ First Burma Regiment နှင့်အတူ တိုက်ပွဲများ ဆင်နွှဲခဲ့ဖူးသူဖြစ်ပါသည်။

စစ်တပ်သည် ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းပြီးသည်မှစ၍ ယနေ့တိုင် လူမှုဒုက္ခအဖြာဖြာ၌ အံ့သြကြေကွဲ လောက်သည့်အဖြစ်အပျက်များကို တခုချင်း ဖော်ပြရန် လိုမည်မထင်ပါ။ ကျွန်တော်သည် လူကြီးမင်းတို့ နအဖ အဖွဲ့ဝင် အားလုံး အမိမြန်မာပြည်နှင့်တကွ တိုင်းရင်းသားလူမျိုးစုအားလုံးကို ချစ်ခင်သော မျိုးချစ်စစ်သည်တော်များဟု ယူဆဆဲ ဖြစ်ပါသည်။ ယခုကဲ့သို့ အတိဒုက္ခရောက်ရသည်မှာလည်း သားငယ်ကို ချစ်လွန်းသော ဖခင်သူဌေးသည် သားငယ်ကို ဖျက်ဆီးမှန်းမသိ ဖျက်ဆီးနေသည့်ဖြစ်ရပ်နှင့် တူနေသည်ဟု ယူဆမိပါသည်။

ဤဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်စေရန် "ပျားလည်းစွဲသာ ရှဉ့်လည်းလျှောက်သာ"သောနည်းကို လုပ်ဆောင်ပါ ရန် မေတ္တာရပ်ခံပါသည်။ လူကြီးမင်းတို့ ယခုလမ်းစဉ်ကို ခေါင်းမာစွာဖြင့် ဆက်လျှောက်နေပါက များမကြာမီတနေ့တွင် အားလုံးအတူ မဖော်ပြနိုင်သော ဒုက္ခဝဲသြဃကြီးထဲသို့ ရောက်ကုန်ကြပါလိမ့်မည်။ ကျွန်တော် အထူးအကြံပေးတင်ပြလို သည်မှာ။

(၁) အကျဉ်း/အကျယ်ချုပ်ထားသော ပုဒ်မမျိုးစုံနှင့် ဖမ်းထားသည့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ လွှတ်ပေးပါ။

(၂) ထိုနိုင်ငံရေးအကျဉ်းသမားများအား လွတ်လပ်စွာ သွားလာလှုပ်ရှားစည်းရုံးခွင့်နှင့် ပါတီများကို တည်ထောင်ခွင့် ပေးပါ။

(၃) လက်နက်ဖြင့် မတရား ရယူဆုပ်ကိုင်ထားသော နိုင်ငံတော်အာဏာကို မူလပိုင်ရှင်ဖြစ်သည့် ပြည်သူလူထုအား အမြန်ဆုံး ပြန်အပ်ပါ။

အထက်ဖော်ပြပါ အချက်(၃)ချက်စလုံးကို (၄)လအတွင်း အပြီးအပြတ် ပြုလုပ်ပါ။ ထိုသို့ ပြုလုပ်ခြင်းဖြင့် ပြည်သူလူထု သည် သူတို့မျှော်လင့်မထားသော နိုင်ငံရေးပြောင်းလဲမှုကြီးကြောင့် လူကြီးမင်းတို့ မှားယွင်းခဲ့သည့်လုပ်ရပ်များကို ခွင့်လွှတ် နိုင်ပါလိမ့်မည်။ အရပ်ဘက်အစိုးရဌာနအတွင်းရှိ ပင်စင်စားနှင့် လက်ရှိစစ်ဘက်မှ အရာရှိအရာခံ အကြပ်တပ်သားဝန်ထမ်း များကိုလည်း စစ်တန်းလျားသို့ တပါတည်း ခေါ်သွားပါ။

နောက်ဆုံး အမှတ်(၃)အချက်ကိုမူ အောက်ဖော်ပြပါ နည်းလမ်း(၃)သွယ်မှ မိမိအတွက် အသင့်တော်ဆုံးကို ရွေးချယ် ဆောင်ရွက်စေချင်ပါတယ်။

(က) ပထမနည်းလမ်းမှာ ၁၉၉၀ ပြည့်နှစ်က ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော နိုင်ငံရေးပါတီအား ချွင်းချက်မရှိ နိုင်ငံတော်အာဏာကို အမြန်ဆုံး အပ်နှင်းပါ။ ဤလုပ်ရပ်ကြောင့် လူကြီးမင်းတို့ကို ပြည်သူလူထုက လည်းကောင်း၊ အာစီယံနှင့် အာရှနိုင်ငံများမှလည်းကောင်း၊ ဥရောပနှင့် အခြားနိုင်ငံများကလည်းကောင်း၊ ကမ္ဘာ့ ကုလသမဂ္ဂမှလည်းကောင်း ကောင်းချီးသြဘာနှင့် ရင်ဆိုင်ရပါမည်။ မိမိ စေတနာကို ပိုမိုထိရောက်စေလိုပါက ဗိုလ်ချုပ်မှူးကြီးနှင့် အပေါင်းအပါတို့သည် ရုပ်မြင်သံကြားကင်မရာနှင့် သတင်းထောက်များရှေ့မှာ ရပ်၍ တောင်ကိုရီးယားသမတဟောင်း ချန်ဒူးဝှမ်က မိမိ၏ ပြည်သူလူထုအား တောင်းပန်သကဲ့သို့ တောင်းပန်ခြင်း သည် မိမိတို့၏ ရိုးသားနှိမ့်ချမှုကို ပြည်သူလူထုက ဂုဏ်ပြုထောပနာပြု၍ တုံ့ပြန်မည်မှာ မလွဲပေ။ မိမိကိုယ်ကို နှိမ့်ချခြင်းသည် မိမိထင်ရာ မိုက်ရူးရဲစိုင်းသည်ထက် ပို၍ မွန်မြတ်သော သတ္တိလိုအပ်ကြောင်း သတိမူသင့်ပါသည်။ မိမိဘဝနိဂုံးနှင့် သမိုင်းကြောင်းတွင်လည်း နတ်လူ သာဓုခေါ်နိုင်ရန် ဤနည်းလမ်းမှ ပေးနိုင်စွမ်းရှိပါသည်။

(ခ) အကယ်၍ ပထမနည်းကို မနှစ်မြို့ပါက ဒုတိယနည်းမှာ အရပ်သားကြားဖြတ်အစိုးရ ဖွဲ့စည်းပေး၍ ထိုအစိုးရသည် ၆ လအတွင်း ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး ကျင်းပပေးရမည်။ ထိုရွေးကောက်ပွဲကို အာစီယံနှင့် ကမ္ဘာ့ ကုလသမဂ္ဂမှ ဝန်ထမ်းများ ကြီးကြပ်ပေးရန် ဖြစ်ပါသည်။ ထိုရွေးကောက်ပွဲကြီးကို မည်သူမဆို ဥပဒေနှင့် ညီညွတ် ပါက ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရှိရပါမည်။ လူကြီးမင်းတို့လည်း

အရပ်သားအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်စေလို ပါသည်။ ရွေးကောက်ပွဲနိုင်သူအား ချွင်းချက်မရှိ နိုင်ငံတော်အာဏာကို အမြန်ဆုံး လွှဲပြောင်းပေးရပါမည်။ ရွေးကောက်ပွဲကြီးကြပ်ခဲ့သော အာစီယံနှင့် ကမ္ဘာ့ကုလသမဂ္ဂမှ ဝန်ထမ်းတို့သည် အစိုးရသစ်ဖွဲ့စည်းပြီး ပုံမှန် လည်ပတ်နိုင်သောအခါမှသာ ပြန်လွှတ်ကြရပါမည်။

(ဂ) ဖော်ပြပါနှစ်နည်းစလုံးကို မနှစ်သက်ပါက တတိယနည်းမှာ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးထဲမှ မြေပေါ်မြေအောက် ပါဝင်သော စစ်မှန်သည့် ကိုယ်စားလှယ်များ၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ အနိုင်ရရှိသော နိုင်ငံရေးပါတီ အဖွဲ့နှင့် လူကြီးမင်းတို့၏ စစ်အစိုးရကိုယ်စားလှယ်များ ၃ ဦး ၃ ဖလှယ် တြိဂံဆွေးနွေးပွဲကို အနာဂတ်မြန်မာပြည် ကြီး လျှောက်လှမ်းစေလိုသောလမ်းစဉ်ကို ရွေးချယ်ဆွေးနွေးရပါမည်။ ဆွေးနွေးပွဲ၌ ကြိုတင်သတ်မှတ်သောအချက် များ မရှိဘဲ လွတ်လပ်စွာ ဆွေးနွေးနိုင်ရပါမည်။ အချိန်ကိုလည်း ဆွဲမထားဘဲ ၃ လအတွင်း အပြတ် ဆွေးနွေး ရပါမည်။

ယခု လူကြီးမင်းတို့ကျင်းပနေသော အမျိုးသားညီလာခံမှာ ကြိုတင်သတ်မှတ်ချက်သည်လည်းကောင်း၊ ကိုယ်စားလှယ် ရွေးချယ်ပုံသည်လည်းကောင်း၊ အချိန်ဆွဲမှုနှင့် လူကြီးမင်းတို့ တောင်းဆိုမှုမှာလည်း ကမ္ဘာတွင် စံတင်ရလောက်အောင် ကဲ့ရဲ့ရှုတ်ချနေကြပါသည်။ ကမ္ဘာက မြန်မာကို အထင်မသေးရလေအောင် ယခုကျင်းပနေသော လူကြီးမင်းတို့၏ အမျိုးသားညီလာခံကြီးကို အမြန်ဆုံး ဖျက်သိမ်းပေးပါ။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လူထုမဲဆန္ဒဖြင့် ရွေးချယ် တင်မြှောက်ထားသော ကိုယ်စားလှယ်များကသာ ရေးဆွဲနိုင်သည်ကို သတိချပ်ပါ။

လူကြီးမင်းတို့သည် စေတနာမှန်ဖြင့် မြန်မာလူထုအား မတုန့်ပြန်ခဲ့ပဲ မြန်မာလူထုကြီးကို မထေမဲ့မြင်ပြုသကဲ့သို့ ရှိနေကြောင်း သိမြင်ခဲ့ရသော် ကျွန်တော်သည် မတတ်သာတော့သဖြင့် ဆက်လက်အချိန်ဖြုန်းမနေတော့ဘဲ အိမ်တွင်းမှ အိမ်ပြင် ထွက်စရာမလိုသော ပြည်သူလူထုကြီး၏ အထွေထွေအာဏာဖီဆန်မှု အဆင့်(၅)ဆင့် စတင်ပါတော့မည်။ သို့သော် တဆင့်ပြီးတဆင့် အရှိန်တိုးမြှင့်သွားမည်ဖြစ်ရာ နောက်ဆုံးအဆင့်၌ လူကြီးမင်းတို့၏ မျက်လုံးများပြူးထွက်လာပါလိမ့်မည်။ ဤအရာအားလုံးသည် ဒီမိုကရေစီရရှိရေးအတွက် ငြိမ်းချမ်းစွာ အကောင်အထည်ဖော်နေခြင်းဖြစ်ပါသည်။ လူထုကြီးက “မောင်မောင်”ဟုခေါ်နေစဉ် “ဗျာ”ထူးပါ။ “အောင်ကျော်”ဟု မခေါ်ပါရစေနှင့်။

လူထုပါဝင်မှုဖြင့် ငြိမ်းချမ်းစွာ ဒီမိုကရေစီဖော်ထုတ်မှုကို လူကြီးမင်းတို့သည် ဆက်လက်၍ ဂရုမစိုက်ဘဲနေပါလျှင် နောက်ဆုံးအဆင့်အနေဖြင့် ကျွန်တော်ကိုယ်တိုင် အကျဉ်းထောင်ဝတ်စုံဝတ်ဖြူတော် ဝတ်ဆင်၍ အသေခံ သစ္စာတရားဖုံး ခွဲရန် ရက်အတိအကျ ချိန်းချက်ပြီး နေ့ခင်းကြောင်တောင်လာခဲ့ပါမည်။ မည်သည့်အတွက်ကြောင့် ဝတ်ဖြူတော် ဝတ်ဆင်၍ နေ့ခင်းကြောင်တောင်လာခဲ့ရသနည်း။ ဒီပဲရင်းလုပ်ကြံမှုကြီး၌ ဒေါ်အောင်ဆန်းစုကြည်အား လူကြီးမင်းတို့ သတ်ဖြတ်ရန် ကြံစည်စဉ်က ညဥ့်ပိုင်းဖြစ်နေသည့်အပြင် လူသတ်သမားတို့သည် ဒေါ်အောင်ဆန်းစုကြည်အား အသေအချာ သိဟန် မတူပါ။ ထို့ကြောင့် လူမှားပြီး မဆိုင်သူများစွာကို သတ်ခဲ့ကြသည်။ ကျွန်တော်သည် နေ့လည်ကြောင်တောင်၌ ထောင် ဝတ်စုံ ဝတ်ဖြူတော် ဝတ်ဆင်လာမည်ဖြစ်၍ လူမမှားနိုင်ပါ။ ဝတ်ဖြူတော်ဝတ်ဆင်၍ အခြားသူများပါလာခဲ့သော် လူမမှား စေရန် ကျွန်တော်၏ ပုံပန်းသဏ္ဌာန်မှာ အသက် (၇၈)နှစ်ရှိပြီး ခါးမကိုင်းသေးပါ။ အရပ် (၅)ပေ (၃)လက်မသာ ရှိပါသည်။ လူမမှားစေပါနှင့်။

ကျွန်တော့်အား သတ်သူတို့ကို ကျွန်တော်၏ မိသားစုမှလည်းကောင်း၊ နောင်တက်လာမည့် ဒီမိုကရေစီအစိုးရမှ လည်းကောင်း၊ မြန်မာလူထုမှလည်းကောင်း တရားမစွဲဆိုနိုင်ရန် စာများကို ရေးထားခဲ့ပါမည်။ ထိုစာများကို သက်ဆိုင်ရာ သို့လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုရှိ ဝါရှင်တန်ဒီစီမှ မြန်မာသံရုံးသို့လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂရုံးသို့ လည်းကောင်း၊ လူကြီးမင်းထံသို့လည်းကောင်း ပေးထားခဲ့ပါမည်။ ထို့အပြင် ကျွန်တော်၏ အလောင်းအင်္ကျီအိပ်ထဲ၌လည်း ထိုစာများ ရှိနေပါမည်။ ကျွန်တော်၏ အလောင်းကိုလည်း လူကြီးမင်းတို့ ကြိုက်နှစ်သက်သလို ပြုလုပ်နိုင်ပါသည်။

ကျွန်တော့်အား သတ်သော လူသတ်သမားတို့အား ယခုဘဝတွင်သာ လွတ်ငြိမ်းချမ်းသာခွင့် ပေးမည် မဟုတ်သေးပါ။ နောင်ဘဝဆက်တိုင်းဆက်တိုင်း၌ လွတ်ငြိမ်းချမ်းသာခွင့် ပေးပါကြောင်း ထာဝရဘုရားရှင်ထံ လျှောက်ထားခဲ့ပါမည်။ နောင်ဘဝများတွင် ကျွန်တော်နှင့် လူသတ်သမားတို့ သံသရာဝဲသြဃကြီးထဲ၌ တွေ့ဆုံ၍ ကျွန်တော်သည် အထက်စီးမှ ခွန်အားကြီးသူဖြစ်ပြီး လူသတ်သမားတို့သည် အစာရေစာ တော်ပြတ်၍ အဝတ်အချည်းစည်းဖြင့် အနာရောဂါ စွဲကပ်ကာ ဘဝအမှောင်ထုထဲ၌ ကျင်လည်နေသည်ကို တွေ့ရပါက အစာရေစာ ဝလင်စွာ ကျွေးမွေးနိုင်ပြီး ဝတ်ကောင်းစားလှ ဝတ်ဆင်ပေးနိုင်ကာ အနာရောဂါငြိမ်းစေနိုင်၍ သင်တို့အား ဘဝအမှောင်ထုထဲမှ ထာဝရဘဝအလင်းသို့ ဆွဲထုတ်ပေးနိုင် သူ ဖြစ်လိုပါသည်။

ကျွန်တော် သူရဲကောင်း မလုပ်လိုပါ။ အာဇာနည်လည်း မဖြစ်လိုပါ။ သို့ပါ၍ အစဦးကတည်းကပင် (က) စာအားဖြင့် အသိပေး၍ ကြေညာချက်များထုတ်ခြင်း၊ (ခ) စစ်အစိုးရအား မိမိဘာသာ အလိုအလျောက် ပြုပြင်ခွင့်ပေးခြင်း၊ (ဂ)

ပြည်သူ လူထု၏ ကဏ္ဍကိုလည်း ထည့်သွင်းထားပါသည်။ (ဃ) နောက်ဆုံးအဆင့်တွင်သာ မတတ်သာလျင် ပါဝင်မည်ဖြစ်ပါသည်။ အဆင့်ပေါင်း (၁၀)ဆင့်တွင် နောက်ဆုံး၌သာ ပါဝင်သဖြင့် ကျွန်တော့်အား သူရဲဘောနည်းသူဟု သမုတ်ပါက ကျွန်တော် မငြင်းပါ။ သို့သော် အများပြည်သူကောင်းစားရေးအတွက်ကား အသက်စွန့်ရန် နောက်မတွန့်ဘဲ အသင့်ရှိပါသည်။

ကျွန်တော်၏ သစ္စာတရားဗုံးဆိုသည်မှာ အခြားမဟုတ်ပါ။ ကျွန်တော် မြန်မာပြည်သို့ ရောက်လျင်ရောက်ချင်း လေယာဉ်ထဲက ထွက်လာသောအခါ "မတရား ရယူထားသော နိုင်ငံတော်အာဏာကို မူလပိုင်ရှင် ပြည်သူလူထုအား အမြန်ဆုံး ပေးအပ်ပါ"ဟု အော်ဟစ်ကြွေးကြော်ခြင်းကို ဆိုလိုပါသည်။ နောက်ဆုံး လူကြီးမင်းတို့သတ်သည့်အထိ လည်းကောင်း၊ အသံမထွက်နိုင်သည့်အထိလည်းကောင်း ကြွေးကြော်နေမည်ဖြစ်ပါသည်။ အသက်ရှိသ၍ လူကြီးမင်းတို့အား မေတ္တာပို့ရင်း နူတ်ခမ်းလှုပ်၍ တိုးတိုးပြောနိုင်ပါစေ ကျွန်တော် ဆက်လက်ကြွေးကြော်နေမည်သာဖြစ်ပါသည်။

ရိုးစင်းမှန်ကန်၍ စေတနာနှင့် လုပ်သောအလုပ်ကို မြန်မာလူထုက ငြင်းပယ်မည် မဟုတ်ပါ။ အထက်ဖော်ပြပါ အကြံပေးတင်ပြချက်ကို အပြန်ပြန်အလှန်လှန် စဉ်းစားပြီး အမှန်ဘက်ကို ရဲဝံ့စွာ ရပ်တည်ပါ။ ပြည်သူရော လူကြီးမင်းတို့ အတွက်ပါ ကောင်းမွန်သည့် လုပ်ဆောင်ချက်သည် လမ်းမှန်ဖြစ်ပါသည်။ ဤကောင်းမွန်သောအမှုကို စေတနာ ရှေ့ထား၍ ရဲဝံ့စွာ လုပ်ဆောင်ပါက မုချအောင်မြင်ရမည်။

နိဂုံးအနေဖြင့် လူကြီးမင်းတို့အား မှန်ကန်သော သတိပေးလိုပါသည်။ ကျွန်တော်၏သွေး မြေသို့ ကျသွားသောအခါ သန့်မာသော ဒီမိုကရေစီနွယ်ပင်သည် တမဟုတ်ချင်း ပေါ်ထွက်လာပြီး လူကြီးမင်းနှင့် အပေါင်းအပါတို့အား အသက်ရှူ မရလောက်အောင် ရစ်ပတ်ထားမည်ကိုမူ ရိုးသားစွာ အသိပေးလိုပါသည်။ ထို့ကြောင့် ဒီမိုကရေစီကို ညင်သာစွာ ကိုင်တွယ်ပါ။ ဦးနေဝင်းအဖြစ်ထက် မိမိအဖြစ် ဆိုးနိုင်ကြောင်းကို သတိထားပါ။ သင်၏ သံသရာနောင်ရေးအတွက် ယခုကပင် ပြင်ဆင်ပါ။ မြန်မာပြည်သားအားလုံးအတွက် စဉ်းစဉ်းစားစားဖြင့် လုပ်ဆောင်ပါ။ များမကြာမီ ဖြစ်ထွန်းလာမည့် သာယာဝပြောသည့် မြန်မာပြည်အနာဂတ်ကို မျှော်မှန်းလျက် အတူတကွ လက်ကမ်းကြိုဆိုကြပါစို့။

ကျန်းမာချမ်းသာကြပါစေ၊
အမှန်တရားသည် မုချအောင်ရမည်၊
ပြည်သူ့အရေးတော်ပုံအောင်ရမည်၊

ခင်မင်စွာဖြင့်

ဒေါက်တာဆလိုင်းထွန်းသန်း
အငြိမ်းစားပါမောက္ခ

ခေတ္တအမေရိကန်ပြည်ထောင်စု

# အကြမ်းမဖက်သောနည်းဖြင့် မြန်မာပြည်၌ ဒီမိုကရေစီရရှိနိုင်ရန် ဆောင်ရွက်မည့်

## ဒေါက်တာဆလိုင်းထွန်းသန်း၏ အစီအစဉ် (၁၀)ချက်

စုစုပေါင်း (၅)လနှင့် (၅)ရက် ကြာမြင့်မည်။

| စဉ် | ပြုလုပ်သူ | ရက်စွဲ | တိကျသော လှုပ်ရှားမှုများ |
|---|---|---|---|
| ၁ | ဒေါက်တာ ဆလိုင်းထွန်းသန်း | **ဇန်နဝါရီ ၁၅ – မေ ၁၄**<br><br>**(၄)လ တိတိ** | နအဖအား မိမိဆက်လက်လုပ်ကိုင်ရမည့် တိုက်တွန်းနှိုးဆော်စာပေးရန်၊လှုပ်ရှား မှု အသိပေးသော နှိုးဆော်စာများ ပေးရန် (၁) ကျောင်းသားနှင့် လူငယ် (၂) အလုပ်သမားနှင့် လယ်သမား (၃) လူနည်းစု (၄) လက်နက်ကိုင်တပ်ဖွဲ့များ (၅) ကုလသမဂ္ဂနှင့်အဖွဲ့ဝင်များ (၆) ကမ္ဘာ့ဘာသာရေးအဖွဲ့အစည်းများ (၇) စာနယ်ဇင်းလောက (၈) ကွန်ဂရက်အမတ်နှင့် ဆီးနိတ်တာများ (၉) မိတ်ဆွေ များနှင့် (၁၀) မြန်မာသံရုံးများ၊ |
| ၂ | နအဖ | | ပုဒ်မအမျိုးမျိုးနှင့် ထောင်ကျနေသော နိုင်ငံရေးသမားများအား ချွင်းချက်မရှိ လွှတ်ပေးရန်၊ |
| ၃ | နအဖ | | နိုင်ငံရေးသမားများ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်၍ ပါတီများကို စည်း ရုံး တည်ထောင်ခွင့်ပေးရန်၊ |
| ၄ | နအဖ | | နိုင်ငံတော်အာဏာကို မူလပိုင်ရှင် မြန်မာပြည်သူလူထုအား အမြန်ဆုံး ပြန်ပေး ရန်အတွက် ရွေးချယ်ခွင့် (၃)မျိုး ပေးထား၊ (၁) ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ အနိုင်ရ အဲန်အယ်လ်ဒီသည် အသင့်တော်ဆုံး (၂) အရပ်သားကြားဖြတ်အစိုးရ ဖွဲ့၍ ၆ လအတွင်း ရွေးကောက်ပွဲ ကျင်းပပေးရန် (၃) ၉၀ ပြည့်အနိုင်ရပါတီ၊ လူမျိုးစုကိုယ်စားလှယ်၊ နအဖတို့ ကြိုတင်သတ်မှတ်မှုမရှိ သုံးပွင့်ဆိုင်ဆွေးနွေး၊ |
| ၅ | မြန်မာလူထု | **မေ ၁၅ – မေ ၂၁**<br>**(၇)ရက်** | နအဖ အစိုးရအား မြန်မာလူထုနှင့် ပြည်တွင်းပြည်ပမိတ်ဆွေများက အောက်ပါ စာကို ယခုအပတ်အတွင်း အပြီးရေးရန် “မတရား ရယူထားသော နိုင်ငံတော် အာဏာကို မူလပိုင်ရှင်ဖြစ်သော မြန်မာပြည်သူအား အမြန်ဆုံး ချွင်းချက်မရှိ အပ်နှင်း ပါ”၊ ပြီးက လက်မှတ်ထိုးပါ။ |
| ၆ | မြန်မာလူထု | **မေ ၂၂ – မေ ၂၈**<br>**(၇)ရက်** | စနေနေ့များကို ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ အကျယ်ချုပ်နေပြရန်၊ စနေနေ့ ပေါင်း မေ(၂၇)၊ ဇွန်(၃)၊ ဇွန်(၁၀)၊ ဇွန်(၁၇) ပေါင်း (၄)ရက် နေရမည်။ ဤနေ့ များတွင် ဘတ်စ်ကား၊ ရုပ်ရှင်ရုံ၊ တိရိစ္ဆာန်ရုံ၊ ပန်းခြံနှင့် လမ်းပေါ်တွင် လူမရှိစေ လိုပါ၊ အိမ်တွင်းနေမည်။ |
| ၇ | မြန်မာလူထု | **မေ ၂၉ – ဇွန် ၄**<br>**(၇)ရက်** | စနေနေ့ ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ အကျယ်ချုပ်နေမည်၊ ညတိုင်း (၈:၀၀) နာရီတွင် တီဗွီ၊ ရေဒီယိုပိတ်၍ မိသားစုအိမ် တနေရာစုပြီး ပထမအပတ်မှ ရေးခဲ့ သော စာကို (၃)ကြိမ်အော်၍ ဖတ်ကြမည်။ အိမ်ထဲမှ အိမ်ပြင်သို့ မထွက်ပါနှင့်။ |
| ၈ | မြန်မာလူထု | **ဇွန် ၄ – ဇွန် ၁၁**<br>**(၇)ရက်** | စနေနေ့ ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ နေမည်၊ ညတိုင်း (၈:၀၀)နာရီတွင်း မိသားစုစာ (၃)ကြိမ် အော်ဖတ်မည်။ ထို့နောက် ဆက်၍ နအဖတွင် စွဲကပ်နေ သော မကောင်းဆိုးဝါးများကို နှင်ထုတ်ရန် သံပုံး (၁)မိနစ်တိတိ ကျယ်လောင် စွာ တီးကြမည်။ |
| ၉ | မြန်မာလူထု | **ဇွန် ၁၂ – ဇွန် ၁၈**<br>**(၇)ရက်** | စနေနေ့ အကျယ်ချုပ်နေမည်၊ ည (၈:၀၀)နာရီ မိသားစု စုဝေး၍ စာ (၃) ကြိမ် ဖတ်မည်။ ထို့နောက် သံပုံး ကျယ်လောင်စွာတီးမည်၊ ယခုတပတ်လုံး မည်သို့မျှ မသွားဘဲ အထွေထွေသပိတ်မှောက်မည်၊ တပြည်လုံး ညီညွတ်စွာ လုပ်ဆောင် မည်။ |
| ၁၀ | ဒေါက်တာ ဆလိုင်းထွန်းသန်း | ဇွန် ၁၉ နောက်ပိုင်း | ဒေါက်တာဆလိုင်းထွန်းသန်းသည် ထောင်ဝတ်စုံဝတ်ဖြူတော်ဝတ်၊ မျက်လုံး ၂ ပေါက်နှင့် ခေါင်းအုံးစွပ်အဖြူဆောင်း၍ မြန်မာပြည်သို့လာမည်။ မင်္ဂလာဒုံ လေဆိပ်မှ ဆင်းလျင်ဆင်းချင်း “မတရားရယူထားသော နိုင်ငံတော်အာဏာကို မူလပိုင်ရှင် မြန်မာပြည်သူလူထုအား ပေးပါ”ဟု အော်မည်။ အခြေအနေပေး လျင် မြို့ထဲတွင် ဆက်လက်ဆန္ဒပြမည်။ မိမိအားသတ်လျင် ခွင့်လွှတ်ကြောင်း ပြော၍ ကောင်းချီးပေးမည်။ နအဖမှ အလောင်းကို ကြိုက်သလို လုပ်နိုင်သည်။ |

သို့

ချစ်ဇနီးနှင့် သားသမီးတို့

နေ့စွဲ မေ (၁၀)ရက်၊ ၂၀၀၆ ခုနှစ်။

ဖေဖေ သတိရစွာနဲ့ စာရေးလိုက်ပါတယ်။ လူမှုရေးနဲ့ နိုင်ငံရေးနွံအိုင်ထဲမှာ နစ်မွန်းနေတဲ့ အမိမြန်မာပြည်ကြီးကို ကယ်တင်ရန် ဖေဖေ့အား အဘ ထာဝရဘုရားရှင်က အလိုတော်ရှိနေပါတယ်။ ထို့ကြောင့် ဖေဖေဟာ ယဇ်ကောင် သိုးသူငယ်ကဲ့သို့ နအဖရဲ့ လက်ချက်နဲ့ ဇွန်လ (၁၉)ရက်နေ့တွင် မင်္ဂလာဒုံလေဆိပ်မှာ စတေးခံရပါမည်။

သခင်ခရစ်တော်သည် ရန်သူများအား ကြင်နာစွာဖြင့် ကားတိုင်ပေါ်မှနေ၍ ခွင့်လွှတ်ခဲ့သလို ဖေဖေလည်း နအဖ တဖွဲ့လုံးကို ခွင့်လွှတ်ပါတယ်။ ချစ်ဇနီးနှင့် သားသမီးတို့လည်း ခွင့်လွှတ်ကြပါ။ လူသတ်သမားများ တဦးစီ မမှားနိုင်အောင် သိရသောအခွင့် ရသော်လည်း ထိုလူသတ်သမားတို့အား တရားစွဲဆိုမှုဖြင့် ရန်တုန့်ပြန်ခြင်း (လုံး၀) မပြုလုပ်ကြပါနဲ့၊ သူတို့ ကို ဘုရားသခင် ခွင့်လွှတ်ပြီး ကောင်းချီးပေးရန်ကိုသာ စိတ်ပါလက်ပါ အစဉ်ဆုတောင်းပေးကြပါ။ ဖေဖေသည် ကောင်းကင် ရွှေပြည်မှနေ၍ ဇနီးနဲ့ သားသမီးတို့အတွက် ဂုဏ်ယူပြီး ပီတိဖြာနေမှာပါ။ သေတမ်းစာကတော့ ဖေဖေ ထောင်မကျခင်က ရေးခဲ့တဲ့အတိုင်း အတည်ပါပဲ။

ဘုရားသခင် ဖေဖေ့မိသားစုကို ကောင်းကြီးပေး၍ စောင့်ရှောက်တော်မူပါစေ။

ချစ်ခင်သတိရစွာဖြင့် ကောင်းကင်ဘုံ၌ ပြန်လည်တွေ့ဆုံကြသည့်တိုင်အောင်

ပါပါ ဆလိုင်းထွန်းသန်း

နေ့စွဲ မေ (၁၀)ရက်၊ ၂၀၀၆ ခုနှစ်။

သို့

ချစ်ခင်လေးစားအပ်သော မြန်မာလူထုကြီး ခင်ဗျား

ကျွန်တော် အငြိမ်းစားပါမောက္ခ ဒေါက်တာဆလိုင်းထွန်းသန်း လေးစားစွာ အစီရင်ခံအပ်ပါသည်။ လူမှုရေးနှင့် နိုင်ငံရေး နွံအိုင်ကြီးထဲတွင် နစ်မွန်းနေသော မြန်မာပြည်ကြီးကို နအဖ လက်တွင်းမှ ကယ်နှုတ်ရန် ထာဝရဘုရားရှင်က ကျွန်တော့်အား အမိန့်တော်မှတ်ပါသည်။ ဤကဲ့သို့ မဟာစေစားမှုကြီးတွင် ကျွန်တော်သည် ယဇ်ပူဇော်မည့် သိုးသူငယ် ကဲ့သို့ ဇွန်လ(၁၉)ရက်နေ့တွင် မင်္ဂလာဒုံလေဆိပ်၌ နအဖ၏ လူသတ်သမားလက်ချက်ဖြင့် အသတ်ခံရပါမည်။

ကျွန်တော့်အား သတ်သော လူသတ်သမားတို့သည် တဦးချင်း မည်သူမည်ဝါဟု သိနိုင်သော်လည်း ယခုဘဝတွင် မကပဲ နောင်သံသရာဘဝအဆက်ဆက်၌ လူသတ်သမားတို့အား အနူးအညွတ် ခွင့်လွှတ်ပါသည်။ မြန်မာလူထုအားလည်း ထိုလူသတ်သမားများကို လုံးဝ တရားစွဲဆိုမှု မပြုရန် ကျွန်တော် လေးစားစွာ ပန်ကြားခဲ့ပါသည်။

မြန်မာပြည်အား ဘုရားသခင် ကောင်းချီးမင်္ဂလာ သွန်းလောင်းပါစေ။

ခင်မင်လေးစားစွာဖြင့်

ဒေါက်တာဆလိုင်းထွန်းသန်း
အငြိမ်းစားပါမောက္ခ
ခေတ္တအမေရိကန်ပြည်ထောင်စု

နေ့စွဲ မေ (၁၀)ရက်၊ ၂၀၀၆ ခုနှစ်။

သို့

ပထမဦးဆုံးသော ဒီမိုကရေစီအစိုးရအဖွဲ့ဝင်များ ခင်ဗျား

ကျွန်တော် အငြိမ်းစားပါမောက္ခ ဒေါက်တာဆလိုင်းထွန်းသန်း လေးစားစွာ အစီရင်ခံအပ်ပါသည်။ ထာဝရ ဘုရားရှင်၏ အလိုတော်အရ လူမှုရေးနှင့် နိုင်ငံရေးနွံအိုင်ထဲတွင် နစ်မွန်းနေသော မြန်မာပြည်ကြီးအတွက် ကျွန်တော် စတေးခံရပါမည်။ နအဖ အစိုးရသည် မိမိဘာလုပ်နေသည်ကို သေချာဃနစွာ မသိခြင်းကြောင့် ကျွန်တော့်အား သတ်ကြပါ မည်။ ထိုကဲ့သို့ သတ်ခြင်းအတွက် ယခုဘဝတွင်သာမကပဲ နောင်သံသရာဘဝအဆက်ဆက်၌ပင် ကျွန်တော် ခွင့်လွှတ်ပြီး သားဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော့်အား သတ်သူများ မည်သူမည်ဝါဟု အထင်အရှား တဦးချင်း သိရသော်လည်း ထိုလူသတ်သမားတို့ကို ကျွန်တော့်အား သတ်မှုဖြင့် တရားစွဲဆိုခြင်းပြုလုပ်ရန် ကျွန်တော် လုံးဝ သဘောမတူသဖြင့် တားမြစ်အပ်ပါသည်။ ကြပ်တည်းစွာ ဆောင်ရွက်ပေးပါရန် အထူးမေတ္တာရပ်ခံပါသည်။

ဘုရားသခင် ကောင်းချီးပေးပါစေ။

ချင်ခင်လေးစားစွာဖြင့်

ဒေါက်တာဆလိုင်းထွန်းသန်း
အငြိမ်းစားပါမောက္ခ
ခေတ္တအမေရိကန်ပြည်ထောင်စု

နေ့စွဲ မေ (၁၀)ရက်၊ ၂၀၀၆ ခုနှစ်။

သို့

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နအဖ အဖွဲ့ဝင်များ ခင်ဗျား

ကျွန်တော် အငြိမ်းစားပါမောက္ခ ဒေါက်တာဆလိုင်းထွန်းသန်း ခင်မင်စွာ အစီရင်ခံအပ်ပါသည်။ လူမှုရေးနှင့် နိုင်ငံရေးနွံအိုင်ကြီးထဲတွင် နစ်မွန်းနေသော မြန်မာပြည်ကြီး လွတ်မြောက်စေရန်အတွက် လူကြီးမင်းတို့၏ လက်ထဲတွင် ကျွန်တော် စတေးခံရန် ထာဝရဘုရားရှင်မှ ကျွန်တော့်အား အမိန့်တော်မှတ်ပါသည်။ နအဖ အဖွဲ့တခုလုံးသည် နိုင်ငံရေး လမ်းမပေါ်၌ လမ်းစပျောက်နေသော ဦးတည်ချက်မဲ့နေသည့် စစ်သားခရီးသည်ဖြစ်သည့်အလျောက် ကျွန်တော့်အား အကြောင်းမဲ့သတ်အံ့သောငှာ လက်နှေးမည် မဟုတ်ကြောင်း ကျွန်တော် ကောင်းစွာ နားလည်သဘောပေါက်ပါသည်။ မိမိ ဘာကိုလုပ်နေကြောင်း သေချာဃနစွာ မသိသော လူသတ်သမားတို့အား ယခုဘဝတွင်မဆိုထားဘိ နောင်သံသရာ အဆက်ဆက်တွင်လည်း ကျွန်တော်သည် မေတ္တာဖြင့် ခွင့်လွှတ်နေမည်သာ ဖြစ်ပါသည်။

ကျွန်တော့်ကို သတ်သောသူများအား တရားစွဲဆိုမှုမှ လုံးဝလွတ်ကင်းရန် ကျွန်တော်၏ မိသားစုထံသို့ လည်း ကောင်း၊ ပထမဦးဆုံးသောဒီမိုကရေစီအစိုးရထံသို့လည်းကောင်း၊ ပြည်သူလူထုအားလည်းကောင်း ကျွန်တော် စာရေးခဲ့ပြီး ဖြစ်ပါသည်။ ထိုစာများကို အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့ရှိ မြန်မာသံရုံးသို့လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂသို့ လည်းကောင်း၊ သက်ဆိုင်ရာများသို့လည်းကောင်း ပို့ပြီးပါပြီ။ အကယ်၍ ထိုစာများ တနည်းနည်းကြောင့် ပျောက်ဆုံးခဲ့ လျှင် လူကြီးမင်းတို့အကျိုး လုံးဝမယုတ်စေရန် ကျွန်တော်၏ အလောင်းအင်္ကျီအိပ်ထဲမှ နှိုက်ယူ၍ လိုအပ်သလို အသုံးပြုပါ။ လူကြီးမင်းတို့ ကျွန်တော့်အား သတ်သော်လည်း မည်သူမျှ တရားစွဲဆိုမှု မပြုနိုင်ကြောင်း အာမခံပြီး ဤစာကို ရေး၍ ပေးပို့လိုက်ပါသည်။

ဘုရားသခင် သင်တို့အား ကောင်းချီးပေးပါစေသော်ဝ်၊

စေတနာမေတ္တာဖြင့်

ဒေါက်တာဆလိုင်းထွန်းသန်း
အငြိမ်းစားပါမောက္ခ
ခေတ္တအမေရိကန်ပြည်ထောင်စု

မှတ်ချက်။ ။ သက်ဆိုင်ရာပုဂ္ဂိုလ်များထံရေးသောစာများကို သိမြင်နိုင်ရန် ပူးတွဲပေးပို့ပါသည်။

# မမျှော်မှန်းဝံ့သော ဘဝသစ်အတွက် တပ်လှန့်ခြင်း

# (Sounding the Alarm for the Impossible Dream)

ကောင်းကင်တမွတ် ကြယ်ကိုဆွတ်ရန် မမျှော်မှန်းဝံ့သော်လည်း အစွမ်းကုန် ကြိုးစား၍ ဆွတ်ခူးကြရန် ယခုပင် ပြင်ဆင်ကြပါစို့။

လက်နက်အားကိုး ဗာလမျိုးတို့က ငါတို့ရဲ့ ရိုးရာယဉ်ကျေးမှု ဖျက်ဆီးပြီး မြေယာအိုးအိမ် သိမ်းဆည်းလေပြီ။ ငါတို့ရဲ့ ကိုးကွယ်ယုံကြည်မှုကိုပင် ဖြိုဖျက်၍ သမီးပျိုတို့ကိုလည်း ခြေတော်တင်ကြပြီ။ အမှန်တရား ဖော်ကျူးကြသော ရောင်းရင်းတို့ကို အကျဉ်းချ၍ အချို့ရဲ့ ဇီဝိန်ကိုလည်း ချုပ်ငြိမ်းစေပြီ။ လူ့အခွင့်အရေး မှန်သမျှ ဆိတ်သုဉ်းရာ အမှန်တရား သည် အမှားတရားဖြစ်လေပြီ။

အမှန်တရားသို့ တည့်မတ်ပေးရန် မဖြစ်နိုင်တော့ဟု ထင်ရသော ဘဝဆိုးကြီးကို ပြန်လည်ထောင်မတ်ကြရန် လက်တွဲမဖြုတ်စတမ်း အစွမ်းကုန်အားထုတ်၍ လုပ်ဆောင်ကြပါစို့။

သူရဲကောင်းများပင် ခြေချရန်မဝံ့သော ချိုင့်ဝှမ်းထဲသို့ လျှောက်လှမ်းကြရန် မမျှော်မှန်းမိသော သတ္တိအပြည့်ဖြင့် ယခုပင် ငါတို့ လျှောက်လှမ်းကြပါစို့။

သာယာဝပြော၍ အေးချမ်းသော ဘဝသည် ဝေးလံပြီး မျှော်လင့်ခြင်းကင်းလုနီးသော်လည်း ငါတို့ ရပ်နားမနေဘဲ အများသူငါ ကောင်းစားရေးအတွက် ဝင်သက်တချက် ပြင်းပြင်းရှူလျက် ရှိသမျှအားအင် ဖြစ်ညှစ်ထုတ်ကာ သေမင်းအရိပ် လွှမ်းမိုးသော ခရီးကြမ်းကို ညီညာဖျဖျ တက်လှမ်းကြပါစို့။

သစ်လွင်တောက်ပသောဘဝ လိုအပ်နေသည့် မျိုးဆက်သစ်တို့အတွက် ငါတို့သည် ချိနဲ့နွမ်းလျ လက်ပန်းကျနေ သော်လည်း နောက်ဆုံးအားအင် အကုန်အစင် ထုတ်၍ ငါတို့လက်ကို ချီမကြကုန်စို့။

အောင်ပွဲဆင်ရန် မဖြစ်နိုင်တော့ဟု ထင်ရသောရန်သူ ဒူးထောက်လာစေခြင်းငှာ လက်နက်မဲ့သည့် အမှန်တရား လက်ဝယ်ထား၍ ခွင့်လွှတ်ခြင်းနှင့် မေတ္တာတရားကို ဆွဲကိုင်ကာ တညီတညွတ်တည်း တွန်းလှန်ကြပါစို့။

ဖြစ်ပေါ်လာမည့် မခံမရပ် မဖြေဆည်နိုင်သော ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ရပ်များအတွက်လည်း သည်းခံ ခွင့်လွှတ်ခြင်းနှင့် ရင်ဆိုင်ရန် ယခုပင် ပြင်ဆင်ထားကြပါစို့။

ငါတို့သွေးသားမျိုးဆက်သစ်များအတွက် စေတနာ၊ မေတ္တာမွန်ဖြင့် စွန့်လွှတ်စွန့်စားရခြင်းကြောင့် ငါတို့ဘဝ ကူးပြီးသောအခါ ကျန်ရစ်ခဲ့မည့် မြန်မာပြည်သည် သစ်လွင်ငြိမ်းချမ်း သာယာဝပြောပြီး ကောင်းချီးမင်္ဂလာအဖြာဖြာနှင့် ကမ္ဘာ့ပွဲလည်တင့်စေသတည်း။

# ဒေါက်တာဆလိုင်းထွန်းသန်း၏
# အတ္ထုပ္ပတ္တိအကျဉ်း

မွေးသက္ကရာဇ် – ၃၁–၃–၂၈(အမှန် ၃၁–၃–၂၈)

မွေးဇာတိ – သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊ အင်း**jAp**ရွာ။

မိဘ – ဦး**y;**ရှမ်၊ ဒေါ်မြရီ။

ဇနီးသားသမီး – မိုင်ခင်နွဲ့၊ သား (၁)၊ သမီး (၄)။

ပညာရေး – အေဘီအမ်ချင်းကျောင်း၊ သရက်မြို့၊ ၆ တန်းအောင်၊ (၁၉၄၂)တက္ကသိုလ်ဝင်တန်းအောင်၊ မူလတန်းလွန်ကျောင်း သရက်မြို့ (၁၉၄၇) B.S.c (Agri) ရန်ကုန်တက္ကသိုလ် မန္တလေး (၁၉၅၃)**/** မဟာသိပ္ပံ၊ University of Georgia, USA (၁၉၅၅)**/** ပါရဂူ၊ University of Wisconsin, USA (၁၉၅၈)

အလုပ်အကိုင်– အောက်တန်းစာရေး၊ ပုလိပ်မင်းကြီးရုံး (၁၉၅၁)၊ ရန်ကုန်**/** ပိုးမွှားအရာရှိ၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဌာန၊ ရန်ကုန် (၁၉၅၃)**/** လက်ထောက်ကထိက၊ စိုက်ပျိုးရေးမဟာဌာန၊ မန္တလေးတက္ကသိုလ် (၅၉)၊ ကထိက၊ စိုက်ပျိုးရေးမဟာဌာန၊ မန္တလေးတက္ကသိုလ် (၆၁)၊ ပါမောက္ခ၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မန္တလေး (၆၄)၊ ပါမောက္ခချုပ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်း (၈၀–၈၄)၊ ပါမောက္ခ၊ စိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်း (၈၄–၉၀) ပင်စင်ယူ၊

လူမှုရေးလုပ်ငန်း– စိုက်ပျိုးရေးဘွဲ့ရ သမလယ်ယာ၊ ရေဆင်း၊ (၁၉၇၃)၊ တောင်ပေါ်ဒေသဘက်စုံ ကျေးလက် ဖွံ့ဖြိုးရေးစီမံကိန်း (၁၉၉၃)

စစ်ဘက်ဆိုင်ရာပတ်သက်မှု– အရန်တပ်သား (၁၉၄၃) အင်းဖြစ်ရွာ

– လက်ရွေးစင်တပ်သား (၁၉၄၄) အင်းဖြစ်ရွာ

– ကျောင်းသားရဲခေါင် (၁၉၄၆) သရက်မြို့

– ခရိုင်စစ်ခေါင်းဆောင် (၁၉၄၇) သရက်မြို့

– ကွန်မြူနစ်နှင့် ကေအဲန်ဒီအိုတို့နှင့် ရင်ဆိုင်တိုက်ခိုက်ခြင်း (၁၉၄၉) မှော်ဘီ၊ ဒညင်းကုန်း

– တပ်မှူး၊ တက္ကသိုလ်အရန်တပ်ရင်း (၁၉၆၉–၇၄) မန္တလေး

နိုင်ငံရေးနှင့် ပတ်သက်မှု–၂၀၀၁ ဒီဇင်ဘာလတွင် ရန်ကုန်မြို့တော်ခန်းမရှေ့ ဆန္ဒပြမှုဖြင့် ထောင်(၇)နှစ်ကျ၊ (၁၈)လတွင် ပြန်လွတ်လာ၊ (၂၀၀၃ မေလ)

– ၂၀၀၆ နအဖအား မိမိ မတရားရယူထားသော အာဏာကို ပြည်သူအား အပ်နှင်းရန် တောင်းဆို၊ ၎င်းအတွက် ငြိမ်းချမ်းစွာ တိုက်ပွဲဝင်ရန် ပြင်ဆင်။

# ဒေါက်တာဆလိုင်းထွန်းသန်း၏
# ကိုယ်ရေးအတ္ထုပ္ပတ္တိ

| | |
|---|---|
| မွေးသက္ကရာဇ်– | အမှန် ၃၁–၃–၂၈ (၁၂၈၉ ခု နှောင်းတာကု;လဆန်း ၁၁ ရက်)<br>တရားဝင် ၂၈–၃–၃၀ |
| မွေးဇာတိ– | သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊ အင်းjApရွာ။ |
| မိဘ– | ဦးy;ရှမ်၊ ဒေါ်မြရီ။ |
| ဇနီးသားသမီး– | မိုင်ခင်နွဲ့၊ သား (၁)၊ သမီး (၄)။ |
| ၁၉၂၈–၄၅– | မိဘနှစ်ပါးကွဲ၊ မိခင်ဘက် ဘိုးဘွားနှင့် အင်းပြစ်ရွာတွင် နေ၊ |
| ၁၉၃၇–၄၂– | သရက်မြို့ အေဘီအမ်ကျောင်းတွင် ၆ တန်းအောင် |
| ၁၉၄၂–၄၅– | အင်းပြစ်ရွာတွင် မိခင်နှင့် တောင်ယာလုပ်ငန်းလုပ်၊ |
| ၁၉၄၃– | အရန်တပ်သား စစ်မှုထမ်း (စေတနာ့ဝန်ထမ်း) |
| ၁၉၄၄– | လက်ရွေးစင်တပ်သား စစ်မှုထမ်း (စေတနာ့ဝန်ထမ်း) |
| ၁၉၄၆–၄၇– | သရက်မြို့၊ မူလတန်းလွန်ကျောင်းနေ၊ တက္ကသိုလ်ဝင်တန်းအောင်၊<br>(၄၆) ကျောင်းသားရဲခေါင် စစ်မှုထမ်း (စေတနာ့ဝန်ထမ်း)<br>(၄၇ )ခရိုင်စစ်ခေါင်းဆောင် (ချင်းကာကွယ်ရေးတပ်) |
| ၁၉၄၈–၅၃– | ရန်ကုန်တက္ကသိုလ်တွင် ကျောင်းနေ<br>(၄၉ )ကွန်မြူနစ် (မော်ဘီတိုက်ပွဲ)၊ ကေအဲန်ဒီအို (ဒညင်းကုန်းတိုက်ပွဲ) ရင်ဆိုင်တိုက်ပွဲများတွင် ပါဝင်။<br>ဂျပ်စင်ဘုရားရှိခိုးကျောင်း နောက်ခန်းနေ၊ အရှေ့မြက်ခင်းနှင့် ကျောင်းပတ်လည် ရေညှိများ ရှင်း။<br>ဩဇာပါမောက္ခချုပ် Dr.CD Turner အိမ်စေအဖြစ်နေ၊ ဩဇာပါမောက္ခနှင့်အတူ ယိုးဒယားနိုင်ငံ သို့ သွားရောက်လည်ပတ်သည်။<br>ပြင်ပကျပန်းလုပ်ငန်း ဝင်လုပ်၍ ဝင်ငွေရှာ၍ ကျောင်းနေ<br>ပုလိပ်မင်းကြီးရုံး (IGP)တွင် အောက်တန်းစာရေးလုပ် (၅၁)၊<br>မန္တလေးရှိ စိုက်ပျိုးရေးမဟာဌာနမှ B.S.c (Agri) အောင် (၅၃)<br>ရန်ကုန်မြို့ ၄က်ဖျားရောဂါနှိမ်နင်းရေးဌာနတွင် ပိုးမွှားအရာရှိလုပ် (၅၃) |
| ၁၉၅၃–၅၈– | အမေရိကန်ပြည် University of Georgia ၌ MS ဘွဲ့ Sigma Xi ဂုဏ်ထူးနှင့်ရ။ နိုင်ငံခြား ကျောင်းသားအသင်း၌ ဥက္ကဋ္ဌ လုပ် (၅၄–၅၅)၊<br>University of Wisconsin ၌ Ph.D. ဘွဲ့ရ၊ တက္ကသိုလ်ဟစ်တိုင်၊ ဘွဲ့ရဆွေးနွေးပွဲ၌ တက်ကြွစွာ ပါဝင်၊<br>တက္ကသိုလ်ဆိုရှယ်လစ်အသင်း ဒုဥက္ကဋ္ဌလုပ်ခဲ့။ |
| ၁၉၅၉–၇၃– | လက်ထောက် ကထိက (၅၉)၊ ကထိက (၆၁)၊ ပါမောက္ခ (၆၄)တွင် ရရှိ၊<br>ပါရဂူ ဘွဲ့လွန်လေ့လာရေး University of Florida, USA သို့ သွား (၆၂)<br>တက္ကသိုလ်များ ဆရာအသင်း ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူးလုပ်၊<br>တက္ကသိုလ်ဆီးနိတ်ဆရာများကိုယ်စားလှယ်အဖြစ် အဖွဲ့ဝင်၊<br>မန္တလေးတက္ကသိုလ်များ စာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မီတီ ဥက္ကဋ္ဌ၊<br>မန္တလေးတက္ကသိုလ်နယ်မြေ ရလက ဥက္ကဋ္ဌ၊<br>တက္ကသိုလ်ဆရာကြီးများ ကလပ်စည်းခေါင်းဆောင်၊<br>တက္ကသိုလ်အရန်တပ်ရင်းမှူး၊ မန္တလေး၊(၆၉–၇၄) |

၁၉၇၃–၉၀–	မော်ဘီဗိုလ်သင်တန်းကျောင်း တက် (၇၄)
စိုက်ပျိုးရေးဘွဲ့ရ၊ သမလယ်ယာ (ခေတ်ဦး) တည်ထောင် (၇၃)
တက္ကသိုလ်များ အုပ်ချုပ်ရေးကောင်စီနှင့် ပညာရေးကောင်စီအဖွဲ့ဝင်၊
တက္ကသိုလ်အလုပ်သမား ဥက္ကဋ္ဌ၊
စေတနာရှင် ကျောင်းသားထောက်ပံ့ရေးအတွက် လက်ဘက်ရည်ဆိုင် ဥက္ကဋ္ဌ၊
ပျဉ်းမနားမြို့နယ် မြောက်ပိုင်းဒေသ ပါတီစိတ်များ ခေါင်းဆောင်၊
သမဝါယမဌာန ညွှန်ချုပ် ကမ်းလှမ်းမှုကို ငြင်းပယ်၊
စိုက်ပျိုးရေးသုတေသနစာစောင် အယ်ဒီတာ၊
နိုင်ငံခြားပညာသင် ရွေးချယ်ရေးအဖွဲ့ဝင်၊
တက္ကသိုလ်စိုက်ပျိုးပညာ မာတိကာ ရေးဆွဲရန် (၄)နိုင်ငံလေ့လာရေးအဖွဲ့ဝင်
(ဂျပန်၊ ဖိလိပိုင်၊ ထိုင်း၊ အိန္ဒိယ)
(၈၈) အရေးတော်ပုံ ကျောင်းသားသမဂ္ဂ အကြံပေးအရာရှိ၊
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ် (၈၁–၈၄)
လယ်ယာသီးနှံဌာနပါမောက္ခအနေဖြင့် အငြိမ်းစားယူ (၉၀)
၁၉၉၁–၂၀၀၁–	တောင်ပေါ်ဒေသ ဘက်စုံ ကျေးလက်ဖွံ့ဖြိုးရေးအတွက် စီမံကိန်းဖြစ်မြောက်နိုင်မှု လေ့လာ၊ စီမံကိန်း ရေးဆွဲ (၁၉၉၁–၉၂)၊
မကွေးတိုင်း၊ မင်းဘူးခရိုင်၊ ငမဲမြို့နယ်၊ တောင်ပေါ်ဒေသ၊ ခွန်ဇူစခန်းတွင် ကမ္ဗလာခင်းစိုက်ပျိုး၊ တောင်စောင်း စံပြစိုက်ပျိုးယာခင်းတည်ထောင်၊ ဇီဝယာခင်း လုပ်ကိုင်၊ ဘယဆေးပင်အခင်း တည်ထောင်၊ ရေတံခွန်မှ လျှပ်စစ်ထုတ်လုပ်၊ သင်တန်းဆောင်ဆောက်၍ ဆီလျော်ပညာများ သင်ကြား။
လယ်ယာလုပ်ငန်းအငယ်စားများကိစ္စ ဆွေးနွေးရန် ဖိလိပိုင် (၉၆)၊ ဂျာမနီ (၉၈)၊ ထိုင်းနိုင်ငံ (၂၀၀၀)တို့သို့ သွားရောက်ခဲ့။
၂၀၀၁–၂၀၀၃–	ရန်ကုန်မြို့တော်ခန်းမရှေ့ တကိုယ်တော်ဆန္ဒပြမှုဖြင့် ထောင်(၇)နှစ်ကျ၊ ထောင်တွင်း အစာငတ်ဆန္ဒပြမှုကြောင့် (၁၈)လနေပြီး လွတ်လာသည်။
၂၀၀၃–၂၀၀၅–	ထောင်တွင်းအတွေ့အကြုံ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ စိုက်ပျိုးနှင့် ဝန်းကျင်သာယာရေး၊ ဒီမိုကရေစီ ငြိမ်းချမ်းစွာ ရရှိနိုင်ရေးစာအုပ်ကို Price of Freedom အမည်ဖြင့် ရေး၊
အမေရိကန် နိုင်ငံသို့ သွားရောက်သည်။
၂၀၀၆–	ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နအဖ အဖွဲ့ထံ မိမိတို့ မတရားရယူထားသော နိုင်ငံတော်အာဏာ ကို မူလပိုင်ရှင် ပြည်သူလူထုအား ပေးအပ်ရန် တိုက်တွန်း။
ဒီမိုကရေစီ ငြိမ်းချမ်းစွာ ရရှိရေးတိုက်ပွဲအတွက် သွားရောက်ဆင်နွဲရန် ပြင်ဆင်။

သို့

အထွေထွေအတွင်းရေးမှူးချုပ်
ကမ္ဘာ့ကုလသမဂ္ဂ
ကမ္ဘာ့ကုလသမဂ္ဂအဆောက်အဦး
နယူးယောက်မြို့

နေ့စွဲ မေ (၁၀)ရက်၊ ၂၀၀၆ ခုနှစ်။

အကြောင်းအရာ။ ။ **ကျွန်တော့်၏ လူသတ်သမားများအား လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်း၊**

အသက် (၇၈)နှစ်ရှိဖြစ်ဖြစ်သော မြန်မာပြည်သား အငြိမ်းစားပါမောက္ခ ဒေါက်တာဆလိုင်းထွန်းသန်း လေးစားစွာ အစီရင်ခံအပ်ပါသည်။ မြန်မာပြည်သည် နိုင်ငံရေးနှင့် လူမှုရေးနွံထဲတွင် နစ်မွန်းလျက် ရှိနေပါသည်။ ဤကိစ္စ၌ ထာဝရ ဘုရားရှင်သည် ကျွန်တော်အား မြန်မာပြည်ကို ကယ်တင်စေလို၍ သိုးသူငယ်ယဇ်ကောင်ကဲ့သို့ ဇွန်လ (၁၉)ရက်နေ့ ထောင်ဝတ်စုံ ဝတ်ဖြူတော်ဝတ်၍ ဒီမိုကရေစီ ရရှိရေးအတွက် အသက်အသေခံရပါမည်။

ကျွန်တော့်အား သတ်ဖြတ်သူများတွင် အမိန့်ပေးသူ၊ အမိန့်သယ်ယူလာသူ၊ ကိုယ်ထိလက်ရောက် သတ်ဖြတ်သူ များ မည်သူမည်ဝါဖြစ်ကြောင်း ထင်ပေါ်လာသော်လည်း ထိုသူတို့အား ယခုဘဝတွင်သာမဟုတ်ပဲ နောင်သံသရာ အဆက်ဆက်တွင် ကျွန်တော် ခွင့်လွှတ်ပါသည်။ ထို့ကြောင့် ကျွန်တော့်ကို သတ်သူတို့အား တရားစွဲဆိုခြင်းငှာ ကျွန်တော် ၏ မိသားစုကသော်လည်းကောင်း၊ ဒီမိုကရေစီအစိုးရကသော်လည်းကောင်း၊ မြန်မာပြည်သူလူထုကသော်လည်းကောင်း လုံးဝ မပြုလုပ်ကြရန် တားမြစ်ပေးပါမည့်အကြောင်း လေးစားစွာ ပန်ကြားအပ်ပါသည် ခင်ဗျား။

လေးစားစွာဖြင့်

ဒေါက်တာဆလိုင်းထွန်းသန်း
အငြိမ်းစားပါမောက္ခ
ခေတ္တအမေရိကန်ပြည်ထောင်စု

မှတ်ချက်။ ။ သက်ဆိုင်ရာ ပုဂ္ဂိုလ်များထံ ရေးထားသည့်စာများကိုလည်း ပူးတွဲပေးပို့ပါသည်။

## ကမ္ဘာ့ကုလသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရတို့ထံ ဝန်ကြားလွှာ

နေ့စွဲ မေ (၁၀)ရက်၊ ၂၀၀၆ ခုနှစ်။

ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် ဒီမိုကရေစီ မြတ်နိုးသောအဖွဲ့ဝင်အစိုးရများ ခင်ဗျား

ကျွန်တော်သည် မိမိယုံကြည်ချက်ကြောင့် မြန်မာနိုင်ငံစစ်အစိုးရက အင်းစိန်ထောင်တွင် တနှစ်ခွဲခန့် အကျဉ်းချခံခဲ့ ရသော အသက်(၇၈)နှစ်ရှိ အငြိမ်းစားပါမောက္ခ ဒေါက်တာဆလိုင်းထွန်းသန်းဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် လူထုဆန္ဒမဲဖြင့် အုပ်ချုပ်နေသော ဝန်ကြီးချုပ် ဦးနုအစိုးရကို ဗိုလ်ချုပ်နေဝင်းနှင့် အပေါင်းအပါတို့သည် ၁၉၆၂ ခုနှစ်၌ ကျောင်းသားနှင့် အရပ်သားများအား သတ်ဖြတ်၍ အာဏာသိမ်းယူခဲ့ပါသည်။ စစ်အစိုးရ၏ အုပ်ချုပ်ရေးကို မနှစ်မြို့သဖြင့် ၁၉၈၈ ခုနှစ်တွင် ကျောင်းသားနှင့် ရဟန်းရှင်လူတို့အပြင် အချို့သော တပ်မတော်သားများပါ ပူးပေါင်း၍ အုံကြွမှုကြီး ဖြစ်ခဲ့ရာ ကလေးသူငယ်များ၊ ကျောင်းသားများ၊ ရဟန်းများနှင့် အလုပ်သမားများတို့ကို တကြိမ်ထပ်မံသတ်ဖြတ်ပြီး ဗိုလ်ချုပ်စောမောင်နှင့် ဗိုလ်ချုပ်သန်းရွှေတို့သည် အကြမ်းဖက်၍ အာဏာကို ရယူပြန်သည်။

ရွေးကောက်ပွဲ အနိုင်ရသူအား ချက်ချင်းအာဏာအပ်နှင်းပြီး စစ်တန်းလျားသို့ ပြန်ကြမည်ဟု ကြွေးကြော်ကာ ၁၉၉၀ ပြည့်နှစ်တွင် စစ်အစိုးရသည် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပပေးခဲ့ပါသည်။ သို့သော် အနိုင်ရသော ပါတီအား နိုင်ငံတော်အာဏာကို မပေးသည့်အပြင် အနိုင်ရသောပါတီနှင့် အခြားပါတီခေါင်းဆောင်များကို ဖမ်းဆီးခြင်း၊ အချို့သော နိုင်ငံရေးပါတီများကိုလည်း ဖျက်သိမ်းခြင်း ပြုလုပ်ပါသည်။

၎င်းတို့ အုပ်ချုပ်သော (၄၃)နှစ်အတွင်း နိုင်ငံရေးလှုပ်ရှားသောသူများ၊ အချို့သောရဟန်းများနှင့် ကျောင်းသား အများအပြား ဖမ်းဆီးထောင်ချခြင်း၊ နှိပ်စက်ခြင်းတို့ကို စစ်အစိုးရက ပြုလုပ်နေပါသည်။ မိမိတို့ နှိပ်စက်၍ သေဆုံးသော အလောင်းများကို မည်သူမျှ မယုံနိုင်သော ရောဂါအမည်တပ်၍ မိသားစုထံသို့ ပြန်ပေးပါသည်။ ဖမ်းဆီးထားသောပုဂ္ဂိုလ် များအားလည်း လိမ်လည်အမှုဆင်၍ ပုဒ်မအမျိုးမျိုးတပ်ကြပြန်ပါသည်။ လူနည်းစုတိုင်းရင်းသားတို့၏ လယ်ယာအိုးအိမ် တို့ကို လျော်ကြေးမပေးပဲ သိမ်းဆည်းကြသည်။ ဗုဒ္ဓဘာသာမဟုတ်သော ဘုရားရှိခိုးကျောင်းများကို မီးရှို့ခြင်း၊ ဖျက်ဆီး ခြင်းအပြင် ၎င်းတို့၏ ဓမ္မဆရာများကိုလည်း ဖမ်းဆီးခြင်း၊ လက်သီးနှင့်ထိုးခြင်း၊ ရိုက်နှက်ခြင်းတို့ကို တရားမစွဲဆိုပဲ ပြုလုပ် ကြပါသည်။ လူနည်းစုတိုင်းရင်းသား ကျောင်းသားများကို ဗမာလူမျိုး ယဉ်ကျေးမှု မလိုက်နာသဖြင့် ကျောင်းမှ ထုတ်ခြင်းခံ ရသောကြောင့် ထိုလူငယ်တို့လည်း ဘဝပျက်သွားရသည်။ တိုင်းရင်းသားလူနည်းစုတို့၏ ရိုးရာပစ္စည်းများလည်း ဖျက်ဆီး ခံရပြီး အချို့အစပျောက်သွားပါသည်။ တိုင်းရင်းသူသမီးပျိုများကိုလည်း စစ်အစိုးရက စနစ်ချ၍ ခြေတော်တင်ပြီး သူမတို့၏ ဘဝ ဖျက်ဆီးကြသည်။

အိမ်နီးနားချင်းနိုင်ငံအချို့သည်လည်း ကျွန်တော်တို့အား သတ်ဖြတ်ရန် လက်နက်များရောင်းချပြီး စစ်ပြေး ဒုက္ခသည်များကိုလည်း အနိမ့်ဆုံးလခနှင့် ငှားရမ်းကာ အမျိုးသမီးငယ်များတို့ကို လိင်ဖျော်ဖြေရန် အတင်းအကြပ် စေခိုင်း နေပါသည်။ ဗိုလ်ချုပ်များ တနေ့တခြား ကြွယ်ဝလာသော်လည်း ပြည်သူလူထုမှာ ဆင်းရဲဒုက္ခ ဝဲသြဃ၌ ပို၍ နစ်မွန်းနေပါ သည်။ ကျွန်တော်တို့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှာလည်း သူမအား ကာကွယ်ရန်ဟု ဆင်ခြေပေး၍ အိမ်တွင် အကျယ်ချုပ် အဖမ်းခံနေရပါသည်။ တိုင်းရင်းသားလူနည်းစုခေါင်းဆောင်များကိုလည်း မယုံကြည်နိုင်သော စွပ်စွဲချက်များ ဖြင့် ဖမ်းဆီးအကျဉ်းချခံထားရပါသည်။ ကျွန်တော်တို့၏ အခြေအနေမှာ ကယ်မည့်သူဝေးသော ဒုက္ခပင်လယ်ကြီးတွင် ဆိုက်ရောက်နေပါပြီ။ ဤဒုက္ခပင်လယ်နွံအိုင်ကြီးထဲမှ ဘုရားသာလျှင် ကယ်နိုင်ပေတော့မည်။

လွန်စွာ အတိဒုက္ခရောက်နေကြရသောဘဝမှ လွတ်မြောက်စေရန် အိမ်ထဲမှ အိမ်ပြင်သို့ ထွက်ရန်မလိုသော အထွေထွေဗိုဆန်မှု လှုပ်ရှားရန် ကျွန်တော်သည် များမကြာမီ လှုံ့ဆော်ပြုလုပ်ပါမည်။ စစ်ဘီလူးအစိုးရ၏ ကြောက်မက် ဖွယ်ကောင်းသော တွေးခေါ်ဆင်ခြင်လုပ်ကိုင်မှု ပြောင်းလဲသွားစေရန်သာ ရည်ရွယ်ပါသည်။ ဤအထွေထွေ အာဏာဖီဆန် ပွဲကြီး မအောင်မြင်ပါက ကျွန်တော်ကိုယ်တိုင် ထောင်ဝတ်စုံဝတ်ဖြူတော်ဝတ်ဆင်၍ မြန်မာပြည်သို့ သွားရောက်ကာ လမ်းမပေါ်၌ ငြိမ်းချမ်းစွာ ဆန္ဒပြမည်ဖြစ်ပါသည်။ ကျွန်တော့်အား အစိုးရက သတ်သည်ဖြစ်စေ၊ မသတ်ပဲထားသည်ဖြစ်စေ ကျွန်တော်၏ ဆန္ဒပြမှုကြောင့် အထွေထွေအုံကြွမှုကြီး ဖြစ်ပေါ်လာစေခြင်းဖြင့် နောက်ဆုံးတွင် စစ်မှန်သော ဒီမိုကရေစီ ရရှိမည်ဟု မျှော်မှန်းပါသည်။

ကမ္ဘာ့ကုလသမဂ္ဂနှင့် ၎င်း၏အဖွဲ့ဝင်နိုင်ငံများထံ ရိုသေစွာ ပန်ကြားလိုသည်မှာ စစ်အစိုးရသည် နိုင်ငံရေးအကျဉ်း သားများ လွှတ်ရေး၊ နိုင်ငံရေးသမားများ လွတ်လပ်စွာ သွားလာစည်းရုံးခွင့် ရရှိရေးနှင့် မတရားရယူထားသော နိုင်ငံ တော်အာဏာကို မူလပိုင်ရှင် ပြည်သူလူထုအား အမြန်ဆုံး ပေးအပ်ပါရန်နှင့် နိုင်ငံသားတို့အား ညှင်းပန်းနှိပ်စက်မှု ရပ် တန့်စေရန် သင့်လျော်သောနည်းမျိုးစုံဖြင့် မြန်မာအစိုးရအား ဖိအားမျိုးစုံပေးစေလိုပါသည်။ ကျွန်တော်တို့၏ အိမ်နီးနား နိုင်ငံများသို့လည်း ကျွန်တော်တို့ကို သတ်ရန် လက်နက်မရောင်းချပါရန်နှင့် စစ်ပြေးဒုက္ခသည်တွေကိုလည်း မတရား အနိုင်မကျင့်ရန် အထူးပန်ကြားပေးစေလိုပါသည်။

မျှော်လင့်ကြီးစွာဖြင့် ကြိုတင်ကျေးဇူးတင်ပါသည်။

ဘုရားသခင် ကောင်းကြီးပေးပါစေ၊

ရိုသေလေးစားစွာဖြင့်

ဒေါက်တာဆလိုင်းထွန်းသန်း
အငြိမ်းစားပါမောက္ခ
ခေတ္တအမေရိကန်ပြည်ထောင်စု

**ဆီနေတာနှင့် ကွန်ဂရက်အမတ်မင်းများထံသို့**
**ဝန်ကြားလွှာ**

နေ့စွဲ မေ (၁၀)ရက်၊ ၂၀၀၆ ခုနှစ်။

ဆီနေတာနှင့် ကွန်ဂရက်အမတ်မင်းများ ခင်ဗျား

ကျွန်တော်သည် မိမိယုံကြည်ချက်ကြောင့် မြန်မာနိုင်ငံစစ်အစိုးရက အင်းစိန်ထောင်တွင် တနှစ်ခွဲခန့် အကျဉ်းချခံခဲ့ရသော အသက်(၇၈)နှစ်ရှိ အငြိမ်းစားပါမောက္ခ ဒေါက်တာဆလိုင်းထွန်းသန်းဖြစ်ပါသည်။ လူထုဆန္ဒမဲဖြင့် အုပ်ချုပ်နေသော ဝန်ကြီးချုပ် ဦးနု ထံမှ နိုင်ငံတော်အာဏာကို ဗိုလ်ချုပ်နေဝင်းနှင့် အပေါင်းအပါတို့သည် ၁၉၆၂ ခုနှစ်၌ မတရား သိမ်းယူခဲ့ပါသည်။ စစ်အုပ်ချုပ်ရေးကို မနှစ်မြို့သော ကျောင်းသားများ၊ သံဃာတော်များ၊ တပ်မတော်မှ အချို့သော တပ်သားများနှင့် ပြည်သူလူထုကြီးသည် ၁၉၈၈ ခုနှစ်တွင် ဆန္ဒပြခဲ့ကြပါသည်။ ဗိုလ်ချုပ်စောမောင်နှင့် ဗိုလ်ချုပ်သန်းရွှေတို့သည် ကျောင်းသားများ၊ ရဟန်းရှင်လူများအပြင် ကျောင်း သားငယ်များပင် သတ်ဖြတ်၍ နိုင်ငံတော်အာဏာကို တဖန် မတရားရယူကြပြန်ပါသည်။

ရွေးကောက်ပွဲတွင် အနိုင်ရသောသူအား နိုင်ငံတော်အာဏာကို အပြီးအပိုင် လွှဲအပ်၍ စစ်တန်းလျားသို့ ပြန်မည်ဟု ကြွေး ကြော်ကာ ၁၉၉၀ ပြည့်နှစ်၌ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပပေးခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည် ဦးစီးသော အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ် အနိုင်ရသော်လည်း နိုင်ငံတော်အာဏာကို လွှဲမပေးသည့်အပြင် ထိုပါတီ၏ ခေါင်းဆောင်များ ဖမ်းဆီးသကဲ့ သို့ အခြားပါတီခေါင်းဆောင်များကိုလည်း ဖမ်းဆီးအကျဉ်းချကာ အချို့ပါတီများကို ဖျက်သိမ်းလိုက်ပါသည်။

စစ်အစိုးရ၏ ၄၃ နှစ်ကျော် အုပ်ချုပ်မှုအောက်၌ ထင်ရှားသော နိုင်ငံရေးသမားများ၊ အချို့သံဃာတော်များ၊ သတင်း ထောက်များ၊ သတင်းစာဆရာများတို့ကို အကျဉ်းချညှင်းပန်းခဲ့ပါသည်။ သတင်းစာတိုက်အများအပြားကို ပိတ်ပြီး ယခုအချိန်တွင် သတင်းစာ (၃)စောင်သာ ကျန်ပါတော့သည်။ အယ်ဒီတာများကို ဖမ်းဆီးချုပ်နှောင်၍ ညှင်းဆဲရာ အချို့သော အယ်ဒီတာများ ညှင်း ပန်းစဉ် သေဆုံးကြရပါသည်။ လူနည်းစုတို့၏ အိုးအိမ်လယ်ယာများကို လျော်ကြေးမပေးပဲ သိမ်းယူ၍ သူတို့၏ သမီးပျိုများကို စနစ် တကျ မုဒိမ်းကျင့်ကြသဖြင့် သူမတို့၏ ဘဝ ပျက်ကြရပါသည်။

ဗုဒ္ဓဘာသာမဟုတ်သော ဘုရားရှိခိုးကျောင်းများကို ဖျက်ဆီးခြင်း၊ မီးရှို့ခြင်းကို ပြုလုပ်ပြီး ၎င်းတို့၏ ဓမ္မဆရာများကိုလည်း လက်သီးနှင့်ထိုးခြင်း၊ ရိုက်နှက်ခြင်း ပြုလုပ်ပါသည်။ ဖမ်းဆီးထားသောသူများကိုလည်း မယုံနိုင်ဖွယ်ရာ စွပ်စွဲချက်များ ပြုလုပ်ကြပါ သည်။ စစ်ဆေးစဉ် သေဆုံးသွားသောပုဂ္ဂိုလ်များအား မယုံနိုင်သော ရောဂါအမည်တပ်ကာ အလောင်းကို မိသားစုထံသို့ ပြန်ပို့ကြ သည်။ ဗိုလ်ချုပ်မှူးကြီးများနှင့် သူတို့၏ အဖွဲ့ကား တနေ့တခြား ဒွေးကြွယ်ကြသလောက် အများပြည်သူတို့မှာ ကုန်းကောက်စရာ မရှိလောက်အောင် ဆင်းရဲကြပါသည်။ ကျွန်တော်တို့ စီးပွားရေး၊ လူမှုရေး၊ တရားစီရင်ရေး၊ သတင်းစာလွတ်လပ်မှုနှင့် လူ့အခွင့် အရေးတို့မှာ ရစရာ မရှိလောက်အောင် ပျက်ပြားနေပါသည်။ လုပ်ကြံသူတို့ထံမှ ကာကွယ်ရန်ဟူသော ဆင်ခြေဖြင့် ကျွန်တော်တို့၏ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား အိမ်အကျယ်ချုပ် ဖမ်းဆီးထားပါသည်။ ကျွန်တော်တို့တိုင်းပြည်၏ အခြေအနေမှာ အလွန်တရာ ဆိုးရွားလှပါသဖြင့် တောင်မင်းမကယ်နိုင် မြောက်မင်းမကယ်နိုင်ဘဝတွင် ရောက်နေကြရပါသည်။

ဤအခြေအနေဆိုးကြီးမှ ကယ်တင်ရန် ကျွန်တော်သည် ပြည်သူလူထုအိမ်ထဲမှ အိမ်ပြင်သို့ထွက်ရန်မလိုသော အထွေထွေ အာဏာဖီဆန်ပွဲကြီး ဦးဆောင်ပြုလုပ်ပါမည်။ စစ်အစိုးရက မိမိ၏ တိုင်းသူပြည်သားများ မညှင်းပန်းပဲ နိုင်ငံရေးအကျဉ်းသားများ လွှတ်စေပြီး လွတ်လပ်စွာ သွားလာစည်းရုံးခွင့်ပေးကာ မတရားရယူထားသော နိုင်ငံတော်အာဏာကို မူလပိုင်ရှင်ဖြစ်သည့် မြန်မာ လူထုအား ပြန်လည်အပ်ရန်ကို ဆီနေတာများနှင့် ကွန်ဂရက်လွှတ်တော်အမတ်မင်းက မိမိလုပ်ဖော်ကိုင်ဖက်များအား အသိပေး နှိုးဆော်စေလိုပါသည်။ အိမ်ဖြူတော်ကိုလည်း တိုက်တွန်းနှိုးဆော်ပေးစေလိုပါသည်။ ကျွန်တော်တို့၏ အိမ်နီးနားချင်းနိုင်ငံများက မြန်မာလူမျိုးသတ်သည့် လက်နက်များ မရောင်းချရန်နှင့် မြန်မာဒုက္ခသည်များအား မတရား မနှိပ်စက်ရန်ကိုလည်း နှိုးဆော်ပေးပါ ရန် ဆီနေတာများနှင့် ကွန်ဂရက်လွှတ်တော်အမတ်မင်းတို့အား ထပ်မံ၍ အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

မျှော်လင့်ကြီးစွာဖြင့် ကြိုတင်ကျေးဇူးတင်လျက်
ခင်မင်ရင်းနှီးစွာဖြင့်

ဒေါက်တာဆလိုင်းထွန်းသန်း
အငြိမ်းစားပါမောက္ခ
ခေတ္တအမေရိကန်ပြည်ထောင်စု

သို့

အထွေထွေအတွင်းရေးမှူး
အာစီယံအတွင်းဝန်များရုံး

နေ့စွဲ မေ (၁၀)ရက်၊ ၂၀၀၆ ခုနှစ်။

အထွေထွေအတွင်းရေးမှူးခင်ဗျား

ကျွန်တော်သည် အသက် (၇၈)နှစ်ရှိ မြန်မာနိုင်ငံမှ ချင်းတိုင်းရင်းသား အငြိမ်းစားပါမောက္ခ ဒေါက်တာ ဆလိုင်း ထွန်းသန်းဖြစ်ပါသည်၊ လူကြီးမင်းများ သိတော်မူသည့်အတိုင်း မြန်မာနိုင်ငံတွင် နိုင်ငံရေးလွတ်လပ်မှု လုံးဝမရှိပါ။ ဒီပဲယင်းရှိ မိမိအား သတ်မည့်သူတို့လက်မှ ကာကွယ်ပေးရန်ဟု ဆင်ခြေပေးကာ ဒေါ်အောင်ဆန်းစုကြည်ကို အိမ်တွင် အကျယ်ချုပ် ထားသည်မှာ သာဓကတရပ်ဖြစ်ပါသည်။ အလွန် ယုတ္တိမတန်သော ဆင်ခြေပါပေ။ တိုင်းရင်းသားလူနည်းစုများကိုလည်း မတရားနှိပ်စက်သည့်အပြင် သူတို့ရဲ့ သမီးပျိုများအား နအဖဘက်တော်သားတွေက စနစ်တကျ ခြေတော်တင်ကြပါသည်။ ကျွန်တော်တို့၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးမှာလည်း ကမ္ဘာ့အောက်ဆုံးအဆင့်တွင်သာ ရှိပါသည်။ ဗုဒ္ဓဘာသာ ဝင် မဟုတ်သော ဘုရားရှိခိုးကျောင်းများကို ဖျက်ဆီးခြင်း၊ မီးရှို့ခြင်း ပြုလုပ်ပြီး ထိုဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များကို အကြောင်းမဲ့ ဖမ်းဆီးခြင်း၊ ထိုးကြိတ်ခြင်း၊ ရိုက်နှက်ခြင်း ပြုလုပ်ကြသည်။ သစ်ကို တရားလွန်ထုတ်မှုကြောင့် တောတောင် ပြုန်းသဖြင့် မြန်မာ့ပတ်ဝန်းကျင်မှာ ပျက်စီးလုနီးဖြစ်နေပါသည်။ လူ့အခွင့်အရေးဆိုသည်မှာ မြန်မာပြည်တွင် ရယ်စရာ ဖြစ်နေပါသည်၊ ဝင်ငွေနှင့် ကုန်ဈေးနှုန်း မျှတမှု လုံးဝမရှိပါသဖြင့် အစိုးရဝန်ထမ်းများ အကျင့်ပျက်ကြသည့်အပြင် မြန်မာများ လူအဖြစ် အသက်ရှင်ရမှုမှာ အနိမ့်ဆုံးအဆင့်တွင်သာ ရှိပေသည်။

ဖော်ပြပါကိစ္စများ လူကြီးမင်းတို့ထံတွင် စာရင်းအင်းရှိမည်ဖြစ်၍ ဆက်လက်မတင်ပြတော့ပါ။ ကျွန်တော်တို့၏ ဒုက္ခသည်များကို အာစီယံနိုင်ငံများက ကောင်းမွန်စွာလက်ခံပြီး သူတို့ နေထိုင်နိုင်ရန် အလုပ်အကိုင်ပေးကြမှုအပေါ် အထူး ကျေးဇူးတင်ပါသည်။ လူကြီးမင်းတို့ကိုလည်း နအဖ၏ နိုင်ငံရေးကလိမ်ကျမှု ခံစားရသည်ကို ကျွန်တော် သဘောပေါက် နားလည်ပါသည်။ နအဖအား အကျိုးရှိသော ချဉ်းကပ်မှုဖြင့် လူကြီးမင်းတို့ ဆက်ဆံကြသည်မှာလည်း နိုင်ငံရေးအရ မတိမ်းစောင်းသော တပါးသူ၏ ပြည်တွင်းရေးကိစ္စ မစွက်ဖက်သည့်သဘောရှိကြောင်း နားလည်နိုင်ပါသည်။

မြန်မာပြည်၌ လက်ငင်းအဖြစ်မှန်များကို အခြေခံသော လက်တွေ့ကျသော အရှိကိုအရှိအတိုင်း ဆက်ဆံရေး ပြုလုပ်ရန် နောက်ပင်ကျနေသော်လည်း ယခုစတင်ရန် အချိန်တန်နေပါပြီ။

လက်ငင်းဖြစ်ပျက်နေသော အခြေအနေဆိုးများကြောင့် ကျွန်တော်သည် ၂၀၀၁ ခုနှစ်၌ ရန်ကုန်မြို့တော်ခန်းမ ရှေ့တွင် ဆန္ဒပြခဲ့ရာ ထောင် (၇)နှစ်ဆု ရရှိပါသည်။ သေသည့်အထိ အစာငတ်ဆန္ဒပြသောအခါတွင်သာ (၁၈)လအကြာ၌ ကျွန်တော့်အား ထောင်မှလွှတ်ပါသည်။ ယခု အမေရိကန်ပြည်၌ ရှိနေစဉ် အိမ်ထဲမှ အိမ်ပြင်ထွက်ရန်မလိုသော အထွေထွေ အာဏာဖီဆန်မှုကြီးကို ရေးဆွဲပြီး အကြမ်းမဖက် ငြိမ်းချမ်းစွာ ပြုလုပ်ရန် မြန်မာလူထုအတွက် စီစဉ်ထားပါသည်။ ပူးတွဲပါ စာရင်းဇယားကို ရှုပါ။ ဤအာဏာဖီဆန်မှုကြီးကို မေလ ၁၅ ရက်တွင် စတင်၍ ဇွန်လ ၁၈ ရက်နေ့၌ ပြီးဆုံးပါမည်။ ဤ တိုက်ပွဲကြောင့် နအဖသည် ဒီမိုကရေစီပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ကျွန်တော်သည် ဇွန်လ (၁၉)ရက်နေ့တွင် လမ်းပေါ်တက်၍ ဆန္ဒပြရန် မြန်မာပြည်သို့ ပြန်ပါမည်။ နအဖမှ ကျွန်တော့်အား ဧကန်မုချ သတ်မည်ဖြစ်ပါသည်။ နအဖကို ကျွန်တော် အာဃာတမထားပဲ ကောင်းချီးပေးပြီး ခွင့်လွှတ်ပါမည်။ သို့သော် ကျွန်တော် သေလွန်သောအခါ လူအုပ်ကြီး သည် ထိန်းမနိုင် သိမ်းမရဖြစ်နေခြင်းကို အကြောင်းပြု၍ စစ်အစိုးရသည် ရက်စက်ပြီး အကြင်နာကင်းမဲ့စွာ သတ်ဖြတ်မည် ကို စိုးရိမ်မိပါသည်။ ဤအခြေအနေမျိုးတွင် မတရားသော လူသတ်ပွဲကြီးဖြစ်မသွားစေရန် အာစီယံအသင်းကြီးထံသို့ တားဆီးပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။ နအဖ အား တရားချမှု၊ တရားသဖြင့် သွေးဆောင်မှုကြောင့် လူသတ် မှုကြီး မဖြစ်ပွားစေရန် ဟန့်တားပေးပါမည့်အကြောင်း မျှော်လင့်အားထား၍ တောင်းပန်အပ်ပါသည်။

ဘုရားသခင် အာစီယံကို ကောင်းကြီးပေးပါစေ။

ခင်မင်စွာဖြင့်

ဒေါက်တာဆလိုင်းထွန်းသန်း
အငြိမ်းစားပါမောက္ခ
ခေတ္တအမေရိကန်ပြည်ထောင်စု

သို့

မစ္စတာဂျော့ဒဗလျူဘုရှ်
အမေရိကန်နိုင်ငံသမတ
အိမ်ဖြူတော်၊ ဝါရှင်တန်ဒီစီ

နေ့စွဲ မေ (၁၀)ရက်၊ ၂၀၀၆ ခုနှစ်။

သမတကြီးခင်ဗျား

ကျွန်တော်သည် အသက် (၇၈)နှစ်ရှိပြီဖြစ်သော မိမိယုံကြည်ချက်ကြောင့် မြန်မာပြည်မှ အင်းစိန်ထောင်ကျခဲ့ဖူး သည့် အငြိမ်းစားပါမောက္ခ ဆလိုင်းထွန်းသန်းဖြစ်ပါသည်။ ဗိုလ်ချုပ်နေဝင်းနှင့် အပေါင်းပါတို့သည် တရားဝင်ရွေးချယ် တင်မြှောက်ထားသော ဝန်ကြီးချုပ်ဦးနုထံမှ ကျောင်းသား၊ ဘုန်းကြီးနှင့် အရပ်သားများကို သတ်ဖြတ်၍ အာဏာကို လုယူ ခဲ့ပါသည်။ စစ်အစိုးရ၏ ရက်စက်ကြမ်းကြုတ်မှုကို မနှစ်သက်သဖြင့် ၁၉၈၈ ခုနှစ်၌ ကျောင်းသား ဘုန်းကြီး အရပ်သားနှင့် လက်နက်ကိုင်တပ်ဖွဲ့မှအချို့တို့ ပူးပေါင်း၍ လူထုအုံကြွမှုဖြစ်ပေါ်လာရာ ဗိုလ်ချုပ်ကြီးစောမောင်နှင့် သန်းရွှေတို့သည် ကလေးသူငယ်နှင့် ဘုန်းကြီးပါဝင်သော ထောင်နှင့်ချီ၍ရှိသည့် လူများ သတ်ဖြတ်ကာ လူထုအုံကြွမှုကြီးကို ဖြိုခွင်းခြင်းဖြင့် အာဏာကို သိမ်းယူပြန်ပါသည်။

အနိုင်ရသူကို အာဏာလွှဲ၍ မိမိတို့လည်း စစ်တန်းလျားသို့ ပြန်မည်ဟူသော ကတိဖြင့် ၁၉၉၀ ပြည့်နှစ်တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို စစ်အစိုးရက ကြေညာပြီး ပြုလုပ်ခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်ဦးစီးသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အနိုင်ရသောအခါ အာဏာကို လွှဲပြောင်းမပေးသည့်အပြင် အဖွဲ့ချုပ်နှင့် အခြားပါတီမှ ခေါင်းဆောင်များကို ဖမ်းဆီးထောင်ချပြီး အခြားသောပါတီများကိုလည်း ဖျက်သိမ်းလိုက်ပါသည်။

စစ်အစိုးရအုပ်ချုပ်သော (၄၃)နှစ်ကာလတွင် နိုင်ငံရေးသမားများ၊ ဘုန်းကြီးများ၊ ကျောင်းသားများ၊ သတင်းစာ ဆရာများ အစရှိသူတို့ကို ဖမ်းဆီးထောင်ချနှိပ်စက်သဖြင့် အချို့လည်း သေဆုံးသွားပါသည်။ လူနည်းစုတို့၏ အိုးအိမ် လယ်ယာမြေများကို လျော်ကြေးမပေးပဲ သိမ်းဆည်းခဲ့သည်။ သူတို့၏ သမီးပျိုများကိုလည်း စနစ်တကျ ခြေတော်တင်၍ လူမျိုးစုတို့၏ ယဉ်ကျေးမှုပစ္စည်းများကိုလည်း ဖျောက်ဖျက်ကြသည်။ ဗုဒ္ဓဘာသာမဟုတ်သော ဘုရားရှိခိုးကျောင်းများ မီးရှို့ခြင်း၊ ဖျက်ဆီးခြင်း ပြုလုပ်၍ ဘာသာရေးခေါင်းဆောင်များကိုလည်း အကြောင်းမဲ့ဖမ်းဆီးထိုးကြိတ် ရိုက်နှက်ခြင်း ပြုလုပ်ကြပါသည်။ ဒီပဲယင်းလူသတ်သမားများ၏ ရန်မှ ကာကွယ်ရန်ဟု အကြောင်းပြ၍ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း အိမ်တွင် အကျယ်ချုပ်ဖမ်းထားပြန်ပါသည်။ ပြည်သူတို့၏ ဝင်ငွေနှင့် ကုန်ဈေးနှုန်း ကွာဟလှသဖြင့် အစိုးရဝန်ထမ်းများ လာဘ်ပေးလာဘ်ယူလုပ်နေကြရသည်။ မြန်မာပြည်၏ ပညာရေး၊ ကျန်းမာရေး၊ တရားစီရင်ရေး အစရှိသူတို့သည် ကမ္ဘာ့ အဆင့်၏ အောက်ဆုံး၌သာရှိနေပါသည်။ လက်ရှိအနေအထားအရ မြန်မာပြည်သူတို့သည် လူသားအဖြစ် အသက်ရှင်နိုင် ရေး အောက်ဆုံးအဆင့်တွင်သာ ရောက်ရှိနေပါတော့သည်။ သို့သော် ဗိုလ်ချုပ်ကြီးများမှာမူ တနေ့တခြား ကြွယ်ဝချမ်းသာ လာသမျှ ပြည်သူလူထုတို့မှာ ကုန်းကောက်စရာပင် မရှိတော့ပါ။

အမေရိကန်ပြည်တွင် ကျွန်တော် ခေတ္တရောက်နေစဉ် အိမ်တွင်းမှ အိမ်ပြင်ထွက်စရာမလိုသော အကြမ်းမဖက် ငြိမ်းချမ်းစွာ ပြုလုပ်ရမည့် လူထုလှုပ်ရှားမှုကြီးတရပ်ကို ဖော်ထုတ်ထားပါသည်။ ပူးတွဲဇယားကို ရှုပါ။ ဤလှုပ်ရှားမှုကြီးကို မေလ (၁၅) ရက်နေ့ စတင်ပြီး ဇွန်လ (၁၈)ရက်နေ့ ပြီးဆုံးမည်ဖြစ်ပါသည်။ ဤလှုပ်ရှားမှုကြောင့် ဒီမိုကရေစီ ရသည်ဖြစ်စေ မရသည်ဖြစ်စေ ကျွန်တော်သည် ထောင်ဝတ်စုံဝတ်ဖြူတော် ဝတ်ဆင်၍ မြန်မာပြည်သို့ ပြန်သွားကာ လိုအပ်ပါက လမ်းပေါ်သို့ သွားရောက်၍ ငြိမ်းချမ်းစွာ ဆန္ဒပြမည်ဖြစ်ပါသည်။ စစ်အစိုးရက ကျွန်တော့်အား သတ်မည်မှာ သေချာပါ သည်။ လူသတ်သမားတို့က ကျွန်တော့်အား သတ်ဖြတ်မှုကို ကျွန်တော် ဂရုမစိုက်ပါ။ ထိုလူသတ်သမားများအား ဘဝဆက်တိုင်း ခွင့်လွှတ်သည့်ပြင် ကောင်းချီးကိုပင် ကျွန်တော် ပေးပါသည်။ ကျွန်တော် စိုးရိမ်သည်မှာ ကျွန်တော် သေဆုံး သွားလျှင် လူအုပ်ကြီးသည် ထိန်းမနိုင် သိမ်းမရဖြစ်လာသည်ကို အကြောင်းပြ၍ စစ်အစိုးရသည် ရက်ရမ်းရမ်းကာ မညှာ မတာ လူသတ်ပွဲကြီး တဖန် ဆင်နွှဲမည်ကို အထူးစိုးရိမ်မိပါသည်။

သမတကြီးအား ကျွန်တော် အနူးအညွတ်တောင်းပန်လိုသည်မှာ နအဖက တရားလက်လွှန် အကြင်နာမဲ့ အရက်ကင်းစွာ လူအုပ်ကြီးကို သတ်ဖြတ်မှုမှ တတ်နိုင်သည့်နည်းနှင့် ကာကွယ်ပေးစေလိုပါသည်။ စစ်အစိုးရက လူသတ်ပွဲ ကြီး မကျင်းပနိုင်ရန် သမတကြီး၌ သင့်တော်သောနည်းလမ်းများရှိမည်ကို ကျွန်တော် ယုံကြည်ပါသဖြင့် ကျေးဇူးပြု၍ ကူညီ ပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

ကြိုတင်ကျေးဇူးတင်ပါသည်။

ဘုရားသခင်သည် သမတကြီးနှင့်တကွ အမေရိကန်ပြည်ထောင်စုကို ကာလအစဉ်အမြဲ ကောင်းချီးပေးပါစေသော်ဝ်။

ရင်းနှီးစွာဖြင့်

ဆလိုင်းထွန်းသန်း (အငြိမ်းစားပါမောက္ခ)
လက်ရှိ ၂၆၈ ဗွီရာနို လမ်းတို
ဒေလီမြို့၊ ကယ်လီဖိုးနီးယားပြည်နယ် ၉၄၀၁၅
ဖုန်း – ၆၁၅ ၅၁၅ ၈၄၃၂